# ဓမ္မပညာ

အထောက်အကူပြု – လစဉ်ထုတ်စာစောင်

PULPIT & BIBLE STUDY HELPS

အတွဲ (၁၀)၊ အမှတ်(၈)၊ အသင်းတော်အတွင်းကန့်သတ်ထုတ်ဝေသည်၊ ဩဂုတ်လ၊ ၂၀၀၈ခုနှစ်၊


# ဘုရားသခင်၏သစ္စာတော်နှင့်အညီ

ဘုရားသခင်သည် ဂတိတည်သော ဘုရားဖြစ်သည်။ ကျွန်ုပ်တို့က ဘုရားသခင် ဂတိတည်ကြောင်းကို စိတ်ချပြီး အမှီပြုကြဖို့ လိုပါသည်။ အချို့သောသူများ ဆုတောင်း၍မရကြပါ။ ထိုကဲ့သို့ မရကြခြင်းမှာ ဘုရားသခင်၏ သစ္စာကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ အလိုတော်နှင့်အညီ တောင်းမှသာ ရကြမည် ဖြစ်သည်။ ကျွန်ုပ်တို့ ဒုက္ခရောက်သည့်အခါတိုင်း ဘုရားသခင်ကို ခေါ်သည့်အခါ ကိုယ်တော်၏မစမှုကို ခံစားရခြင်းမှာ ကျေးဇူးမင်္ဂလာကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သစ္စာတော်ကြောင့် အလိုတော်နှင့်အညီ တောင်းမှ ရနိုင်သောအရာရှိသလို၊ ခဲယဉ်းခြင်း၊ ဒုက္ခကြုံတိုင်း အော်ဟစ်သည့်အခါ ဘုရားသခင်၏ မေတ္တာကြောင့် လိုအပ်မှုအားလုံးကို ရနိုင်သောအချိန်လည်း ရှိကြောင်း သိနားလည်ကြဖို့ လိုအပ်ပါသည်။ နှုတ်ကပတ်တော်အတိုင်း စကားတော်ကို နားထောင်၍ အသက်ရှင်ပါက ကောင်းကြီး မင်္ဂလာကို ခံစားကြရမည်ဖြစ်ပါသည်။ ယုံကြည်သူမိသားစုထဲမှ သားသမီးများ ကယ်တင်ခြင်းရသည့်အခါ အသက်တာ၌ ဘုရားသခင်၏စကားကို နာခံလိုက်လျှောက်မှု၌ လေးနက်မှု မရှိကြ၊ တရားသမား၊ အခြားသောဘာသာဝင်များမှပြောင်းလဲ၍ ကယ်တင်ခြင်းရကြသူများမှုကား အသက်တာ၌ နာခံ လိုက်လျှောက်မှု၌ အလွန်အားရကျေနပ်စရာ ကောင်းပါသည်။

ဘုရားသခင်၏ သစ္စာတော်ကြောင့် အလိုတော်နှင့်အညီတောင်းမှ ရနိုင်သောအရာရှိသလို ခဲယဉ်းခြင်း၊ ဒုက္ခကြုံတိုင်း အော်ဟစ်သည့်အခါ ဘုရားသခင်၏မေတ္တာကြောင့် လိုအပ်မှုအားလုံးကို ရနိုင်သောအချိန်လည်း ရှိကြောင်း သိနားလည်ကြဖို့ လိုအပ်ပါသည်။

ဘုရားသခင် မစမှုဖြင့် ဖူလုံ ပြည့်စုံစွာ ရှိနေခြင်းအတွက် ချီးမွမ်းပြီး မိမိတို့၌ ရှိသည့်အထဲက တတ်နိုင်သမျှ မေတ္တာပြနိုင်ခွင့် ရှိနေပါသည်။ ထိုအမှုကို ဆင်ခြင်ပါက ယုံကြည်သူများ မှားနေသည်။ ဘုရားသခင်ကို ကိုးစားဖို့ထက် လောကနည်းလမ်းတို့နောက်ကို လိုက်ကြပါသည်။ ဒုက္ခရောက်နေသူများကို မြင်တွေ့သည့်အခါ သူတို့မှ ဘုရားနဲ့ မမှန်တာကိုးဟု ပြစ်တင်ယိုးစွပ်နေမည့်အစား မိမိတို့မည်သို့ကူညီရမည်နည်းဟု မေတ္တာနှလုံးသားနှင့် ပြင်ဆင်သင့်ပါသည်။ ဘုရားသခင်က ရန်သူကိုပင် ချစ်ပါဟု မိန့်တော်မူထားသည်ဖြစ်၍၊ ထိုသူများသည် မိမိတို့ ရန်သူများမဟုတ်ကြောင်း သိပြီး၊ နှုတ်ကပတ်တော်ကို နားမလည်၍ ကောင်းကြီးဖြစ်နိုင်သောလမ်းကို မသိ၍ ဖြစ်သည်ဟု စာနာစိတ်နှင့် ဆင်ခြင်၍ မေတ္တာစိတ်ထားသင့်ပါသည်။ ယောနဝတ္ထုကို ဆင်ခြင်ပါက ရှုရိလူများသည် ဘုရားသခင်လူများကို ညှင်းဆဲ၍ ဒုက္ခပေးကြသည်။ ထိုသူများကို ဘုရားသခင်က ဒါဏ်ခတ်မည် ပြုသည့်အခါ ယောနက ကျေနပ်ဝမ်းမြောက်နေသော်လည်း ထိုသူများထံသို့ သွား၍ သတိပေးစကားပြောဖို့ ဘုရားသခင်စေလွှတ်သည့်အခါ မသွားလို၍ တာရှုမြို့သို့ ထွက်ပြေးခဲ့ပါသည်။ ထိုသို့ ပြေးခဲ့သဖြင့် ယောနသည် သင်္ဘောပေါ်၌ ထမင်းစားမသွားရဘဲ ငါးကြီးဝမ်းထဲမှ ဆုတောင်းပြီး သွားရသည်။ စကားနားမထောင်သူသာ

## အပြစ်တင်မစီရင်မိဖို့ သတိပြုပါ

ယနေ့ အချို့ယုံကြည်သူများ အသက်တာ၌ ခက်ခဲ၍၊ ဆင်းရဲချို့တဲ့ပြီး ငတ်မွတ်နေကြသည်။ ထိုသတင်းစကားကို ကြား၍ အခြားသောယုံကြည်သူများက ပါဝင်မှု ပြုကြသည်။ ထိုသူများသည် ယုံကြည်သူများ ဖြစ်ပါလျက်နှင့် အဘယ်ကြောင့် စားစရာမရှိဆင်းရဲချို့တဲ့နေကြပါသနည်း။ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သော်လည်း ကျွန်ုပ်တို့က ထိုသူများအပေါ်၌ အပြစ်တင်မစီရင်မိဖို့ သတိပြုသင့်ပါသည်။ သူတို့အပြစ်ကြောင့် ဖြစ်နေလျှင်ပင် ဂရုဏာနှင့် စဉ်းစားပေးဖို့၊ ဆုတောင်းပေးဖို့ သင့်သည်သာမက မိမိတို့၌ မဆိုထားနှင့် အမှုတော်ဆောင်များပင်လျှင် နှုတ်ကပတ်တော် အသိတရား နည်းနေပါက နားမလည်နိုင်ပါ။ အချို့သော ယုံကြည်သူများ စားဖို့ရန် ခက်နေရသည့်အထဲ၊ ရောဂါဖြစ်၍ ဆေးကုသရပါက အကြွေးတက်သွားသဖြင့် ကြံရာ မရဘဲ အချို့က ဘိန်းပြန်စိုက်ကြပါသည်။ အချို့ကမူ ဘိန်း၊ မူးယစ်ဆေးသယ်ယူပြီး ခဲယဉ်းမှုပြဿနာ ပြေလည်ဖို့ရန် ဖြေရှင်းကြရင်း အကြွေးမကျေရုံမျှမက ပို၍ ဒုက္ခရောက်ကြရသည်။ သူတို့ ဒုက္ခရောက်နေသည့်ခါ အဘယ်ကြောင့် ဘုရားသခင်၏ မစမှုမခံရသနည်း။ ဘုရားသခင်က မစလို၍ စောင့်နေသော်လည်း သူတို့က ဘုရားသခင်ဘက် မလှည့်ကြ၊ သူတို့ ကုထုံးက

အကျိုးရှုံးသော်လည်း ဘုရားသခင်၏အကြံအစည်တော်က မပျက်သွားပါ။ (တရား၊ ၁၃)တွင် ဣသရေလလူတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြုသောကြောင့် ထာဝရဘုရားသည် သူတို့ကို ဖိလိတ္တိလူတို့လက်သို့ အပ်လိုက်ကြောင်း တွေ့ရသည်။ ဘုရားသခင်သည် မိမိလူတို့ကို ဘုရားသခင်ကို မသိရှိ၊ မကိုးကွယ်သော လူတို့လက်သို့ သူတို့၏ဒုစရိုက်အမှုကြောင့် အပ်သည်ကို တွေ့ရသည်။ (၁ကော၊ ၅)တွင်လည်း အဘမယားကို ပြစ်မှား၍ မတရားသောမေထုန်ပြုသော သူတစ်ဦးအား ပေါလုသည် စာတန်လက်သို့ အပ်သည်ကို တွေ့ရပါသည်။ ယနေ့ ယုံကြည်သူများ မဆိုထားနှင့် အမှုတော်ဆောင်များပင်လျှင် ဧဝံဂေလိခရီးပြုရင်း၊ အတူသွားကြသူများနှင့် သွေးသားကိစ္စ မှားယွင်းကြသည်ကို တွေ့ရသည်။ ယနေ့ ယုံကြည်သူအများ ဂတိတော်နှင့်အညီ ကောင်းကြီးရဖို့ လိုလား တောင့်တပါသော်လည်း စကားတော်နှင့်အညီ ဆုံးမဒါဏ်ခပ်မည်ကိုမူကား မကြောက်ကြပါ။ ကယ်တင်ခြင်းသည် ကျေးဇူးတော်အားဖြင့် ရ၍ ကောင်းကင်၌ ခံစားရမည့်အရာဖြစ်သော်လည်း ကောင်းကြီးမင်္ဂလာဟူမူကား လက်တွေ့ကျကျ ယခုဘဝ၌ ခံစားရမည့်အရာ ဖြစ်ပါသည်။

### ဒုစရိုက်ပြုခြင်း၏ ဆိုးကျိုး

***“တဖန်ဣသရေလအ မျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ဒုစရိုက်ကိုပြုသောကြောင့်၊ သူတို့ကို မိဒျန်အမျိုးလက်၌ ခုနှစ်နှစ်ပတ်လုံးအပ်တော်မူသဖြင့်” (တရား၊ ၆း၁)။***

ဘုရားလူတို့သည် အစဉ် ဒုစရိုက်ကိုပြုသောကြောင့် ဒုက္ခရောက်ကြောင်း ကျွန်ုပ်တို့ နားလည်ရသည်။ ထိုသူတို့သည် သူတို့နှင့် ထိုက်သောအကျိုးကို ခံရသည်။ ဘုရားဆုံးမနေ၍ ကျွန်ုပ်တို့ပါစရာမလိုဟု သဘောမထားသင့်ပါ။ ဘုရားသခင်၏ ဆုံးမဒါဏ်ခတ်ခြင်းသည် အကျိုးနှစ်ခုပြုဖို့ရန် ဖြစ်သည်။ တစ်ခုက ဒုစရိုက်ကို ပြုသောသူတို့သည် နောင်တတရားနှင့် ဘုရားသခင်ထံကို ပြန်လာဖို့ ဖြစ်ပါသည်။ ကျန်တစ်ခုက ဒုက္ခရောက်နေသောသူများကို မြင်ပြီး၊ သူတို့ကို ကူညီမစ၊ ကျေးဇူးပြုခြင်းအားဖြင့် မေတ္တာနှလုံးသားရှိသည့်အလျောက် ကောင်းကြီးခံ စားနိုင်ကြဖို့ ဖြစ်သည်။ လူကို ဘုရားသခင် ကောင်းကြီးပေးနေပါက မြေအသီးအနှံအားဖြင့်၊ ခြင်တောင်းအားဖြင့်၊ သားသမီးအားဖြင့်၊ တော၌နေနေ၊ မြို့၌ နေနေ မင်္ဂလာရှိမည်ဟု မိန့်တော်မူပါသည်။ ဘုရားသခင်၏စကားကို နားထောင်သောသူသည် ထိုသို့သော ကောင်းကြီးကို ခံစားရပါသည်။ အခြေအနေ ဘယ်လိုဖြစ်ဖြစ်၊ မည်သည့်နေရာ၌ နေနေ၊ ကောင်းကြီးမင်္ဂလာရှိမည်ဖြစ်သည်။ အခြားသူများ ဒုက္ခရောက်နေသော သိတင်းကို ကြားသိရပါက စီရင်လက်ညှိုးထိုးဖို့ မဟုတ်၊ ပါဝင်ဖို့ရန် အခွင့်ထူးဖြစ်ကြောင်း သိမှတ်ပါ။ (၃ရာ၊ ၁၇)တွင် ဣသရေလလူများ ဒုစရိုက်ကို ပြု၍ အစာခေါင်းပါးခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ယနေ့ အချို့က သူများအိမ်၊ တိုက်ရှိပြီး ထမင်းငတ်နေသောသူများ ရှိကြသည်။ အချို့ကမူ စားသောက်ဖွယ်ရာ အစုံအလင်ရှိပြီး စားသည့်အခါ ဗိုက်နာ၍ စားမရ၊ ဤသည်မှာလည်း ခေါင်းပါးခြင်းပင် ဖြစ်သည်။ အချို့သောသူများ ဘုရားရှင်စကား နားမထောင်၊ စပါးစိုက်သော်လည်း မအောင်မြင်ကြ၊ အချို့က စားစရာမရှိ၍ ဒုက္ခရောက်ရသည့်အထဲ ဝမ်းရောဂါ ဖြစ်၍ လူအများ သေကြရသည်။ ယနေ့ အခြားသူများ ဒုက္ခရောက်နေသည်ကိုမြင်ပြီး လျစ်လျူရှုဖို့ မဟုတ်၊ သူတို့ကို အမှန်တကယ် ချစ်ပါက ကြည့်ရက်မည်မဟုတ်ပါ။ မည်သို့ ကူညီရမည်ကို စဉ်းစား၍ နည်းလမ်းရှာကြဖို့ ဖြစ်သည်။ မိမိ၌ ပေးစရာမရှိပါက ဆုတောင်းပေးပါ။ ပေးနိုင်မည့်သူများကို သတင်းပေးပါ။ မိမိ၌ရှိပါက တတ်နိုင်သမျှပေးပါ။ ဘုရားသခင်က အလှူခံစရာမလိုပါ။ သခင်ခရစ်တော်က လူငါးထောင်မက ကျွေးဖို့ ဆန္ဒရှိသည့်အခါ အလှူမခံပါ။ စေတနာစိတ်နှင့် ပေးလှူသော လူငယ်လေးတစ်ဦး၏ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်အားဖြင့် ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ ဝေပေးသည့်အခါ ဝလင်ရုံမျှမက ပိုလျှံကြောင်း တွေ့ရသည်။ ထိုအဖြစ်အပျက်သည် အတိတ်က ဖြစ်သည်။ ယနေ့ မဖြစ်နိုင်ဟု အချို့က ဆိုနိုင်ပါသည်။ ဘုရားသခင်သည် အတိတ်က အသက်ရှင်သလို ယနေ့တိုင်လည်း အသက်ရှင်၍ ထိုနည်းတူ ပြုနိုင်သောအရှင် ဖြစ်ပါသည်။

**ကယ်တင်ခြင်းသည် ကျေးဇူးတော်အားဖြင့်ရ၍ ကောင်းကင်၌ ခံစားရမည့်အရာဖြစ်သော်လည်း ကောင်းကြီးမင်္ဂလာဟူမူကား လက်တွေ့ကျကျ ယခုဘဝ၌ ခံစားရမည့်အရာဖြစ်သည်။**

**အခြားသူများ ဒုက္ခရောက်နေသော သိတင်းကို ကြားသိရပါက စီရင်လက် ညှိုးထိုးဖို့ မဟုတ်၊ ပါဝင်ဖို့ရန် အခွင့်ထူးဖြစ်ကြောင်း သိမှတ်ပါ။**

### ဘုရားသခင်၏စကား နားထောင်ပါ

ဘုရားသခင်သည် အစာခေါင်းပါးနေသည့်အချိန်တွင် မိမိလူဧလိယအား ခေရိတ်ချောင်းနားတွင် သွား၍ ထိုင်နေစေပါသည်။ ကျီအကနံနက်တစ်ခါ၊ ညဉ့်ဦးတစ်ခါ မုန့်နှင့် အမဲသားကို ဆောင်ခဲ့သည်။ ဘုရားသခင်သည် မိမိ ပရောဖက်အားချောင်းမှ ရေကို သောက် ပြီး၊ ကျီးအပို့သော မုန့် ကိုစား ၍ ငြိမ်ဝပ်စွာနားနေစေပါသည်။ ထိုကဲ့ သို့ နေရင်းနှင့် ချောင်းရေခန်းသည့်အခါ ဇိဒုန်ပြည် ဇရတ္တမြို့မှ မုဆိုးမတစ်ဦးထံသို့ သွားစေပါသည်။ ပရောဖက်ကြီးက ငတ်မွတ်နေ၍ မုဆိုးမအိမ်၌ စားစရာရှာခြင်းမဟုတ်။ မုဆိုးမကို ကောင်းကြီးခံစားစေဖို့ ရောက်လာခြင်းဖြစ်သည်။ ထိုအချိန်တွင် မုဆိုးမ၌ မုန့်ညက်လက်တစ်ဆုပ်နှင့် ဘူး၌ ဆီအနည်းငယ်သာ ကျန် ၍ထိုအစာကို စားပြီး နောက်သေဖို့ရန် ပြင်ဆင်နေ ချိန်ဖြစ်သည်။ ထိုမိန်းမသည် ဧလိယသောက်ဖို့ ရေသွားယူစဉ်တွင် သင်လက်၌ မုန့်တစ်ဖဲ့ကိုလည်း ယူခဲ့ပါ၊ ထိုသို့ ပြုလျှင် ထာဝရဘုရားသည် မြေပေါ်၌ မိုးကို မရွာစေမှီတိုင်အောင် အိုး၌ရှိသော မုန့်ညက်မကုန်၊ ဗူး၌ ရှိသော ဆီမ လျော့ရဟု ဧလိယက ဆိုသည်။ မုဆိုးမသည် ဧလိယ၏စကားအတိုင်းသွား၍ ပြုသဖြင့် ထာဝရဘုရားသည် ဧလိယအားဖြင့် မိန့်တော်မူသော စကားအတိုင်း အိုး၌ရှိသော မုန့်ညက်သည်မကုန်၊ ဗူး၌ရှိသော ဆီမလျော့ဘဲ နေ့စဉ်ဝစွာ စားကြရကြောင်းကို တွေ့ရပါသည်။ အခြားသူများက လူနည်းလူဟန်ဖြင့် ရှာဖွေပြီးစား သောက်နေရချိန်တွင် မုဆိုးမသား အမိနှင့် ဧလိယတို့မှာ ပူပင်စရာမရှိပဲ ငြိမ်ဝပ်စွာ စားကြရကြောင်း တွေ့ရပါသည်။ ကျွန်ုပ်တို့သည်လည်း ခဲယဉ်းသောကာလ၌ ဘုရားသခင်၏စကားကို နားထောင်

ပါက အသက်တာ၌ ထူးဆန်းသော သက်သေကို ခံစားရမည် ဖြစ် သည်။ (တရား၊၂၈း၁၅-၆၀)တွင် ဘုရားစကား နားမထောင်သူသည် အသက်တာ၌ အမျိုးမျိုးသော အမင်္ဂလာကို ခံစားရမည် ဖြစ်ကြောင်း သတိပေးထားပါသည်။ ကျွန်ုပ်တို့ အသက်တာ၌ သူများဒုက္ခရောက်နေသည်ကိုမြင်ပါကမစီရင်မိဖို့ သတိပြုပါ။ ယနေ့ အများက ကျမ်းစာတတ်လေလေ သူများကို အပြစ်တင်စီရင်ဖို့ လွယ်လေလေဖြစ်သည်။ ကျွန်ုပ်တို့ကို ပါဝင်ဖို့ ဘုရားရှင် နှိုးဆော်ရာ၌လည်း ပါဝင်ချင်မှ ပါဝင်ဖို့ ဖြစ်ပါသည်။ ဘုရားရှင်သည် မည်သူ့ကိုမျှ အတင်းအကြပ်မတောင်းပါ။ (မဿဲ၊၂၅)တွင် သူဌေးတစ်ဦးသည် အခြားသို့ မသွားမှီ မိမိငယ်သားတို့ကို ခေါ်၍ အသီးသီးအစွမ်းရှိသည့်အတိုင်း တစ်ဦးကို အခွက်ငါးဆယ်၊ တစ်ဦးကို အခွက်နှစ်ဆယ်၊ တစ်ဦးကို အခွက် တစ်ဆယ်အပ်ပေးပါသည်။ ကာလကြာမြင့်ပြီး ပြန်လာချိန်တွင် အခွက်ငါးဆယ် အပ်ပေးခြင်းခံရသူက အမြတ်ရသောအခြားသော အခွက်ငါးဆယ်ကိုပါ သခင်၌ အပ်ပေးပါသည်။ ယနေ့ အများသောသူတို့က အမြတ်ရလျှင် မိမိအတွက် ချန်ပြီးမှ ပေးချိန်တွင် ထိုသူကအတိုးရော အရင်းပါ အားလုံးကို သခင်၌ အပ်ပေးပါသည်။ ထိုအခါ သခင်က ထိုငယ်သားအား သာဓုသစ္စာ ရှိသော ငယ်သားကောင်း၊ သင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ၊ များစွာသောအမှုအခွင့်ကို သင်၌ ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကို ဝင်စားလော့ဟု မိန့်တော်မူပါသည်။ ယနေ့ အချို့သော မိဘများအား ဘုရားရှင်က သားသမီး ရတနာကို ပေးပါသော်လည်း ရတာနာ ဖြစ်သွားကြသည်။ သားသမီးရသည့်အခါ ဘုရားသခင်ကို ဆက်ကပ်ဖို့ မမေ့သင့်ပါ။ ဘုရားသခင်ပေးသည့် သားသမီးများထဲမှ တစ်ယောက်ပဲ လိမ္မာပါစေ၊ မိဘဂုဏ်ယူနိုင်သည်။ ပြုံးနိုင်သည်။ သားလိမ္မာကိုလည်း ဘုရားသခင် ကောင်းကြီးမပေးပဲ မနေပါ။ ဘုရားသခင်ပေးသော သားသမီးရတနာကို မေတ္တာနှင့် ဆုံးမသွန်သင်ပါ။

***"သစ္စာစောင့်သောသူသည် ကောင်းကြီးမင်္ဂလာနှင့် ကြွယ်ဝလိမ့်မည်၊ငွေရတတ်ခြင်းငှာ အလျှင်အမြန်ပြုသောသူမူကား အပြစ်နှင့် မလွတ်ရ"***

***(သု၊ ၂၈း၂၀)။***

မိဘများ သစ္စာပျက်ပါက သစ္စာပျက်ခြင်းအသီးများ ပွားမည်ဖြစ်သည်။ ကိုယ်တိုင်သစ္စာရှိပါက သစ္စာ အသီးသီးကြမည် ဖြစ်သည်။ သားသမီးများ သစ္စာရှိခြင်း၊ သစ္စာပျက်ခြင်းက မိဘထံမှ ဗီဇအမွေပါသွားခြင်း ဖြစ်သည်။ ငွေရလိုဇောနှင့် တပ်မက်ပြီး အလျင်စလို မပြုမိကြဖို့ လိုပါသည်။ များများနှင့် မြန်မြန်ရဖို့ရန် နှစ်လုံးထီထိုးရင်း ဒုက္ခရောက်ရသူများစွာ ရှိပါသည်။ နေ့ခြင်း၊ ညခြင်း အလျှင်အမြန် ချမ်းသာလိုသူများ သတိပြုကြဖို့ လိုပါသည်။ ဘုရားသခင်ထံမှ ထိုက်တန်၍ ကောင်းကြီးကို တစ်ကြိမ်ပြီး တစ်ကြိမ်ခံစားရင်းနှင့် ကြွယ်ဝလာဖို့ ပြင်ဆင်သင့်သည်။ သစ္စာရှိငယ်သားကောင်းဟု အခေါ်ခံရဖို့ရန် ကျွန်ုပ်တို့အား ကယ်တင်ခြင်း ပေးထားပါသည်။ ကောင်းကြီးမင်္ဂလာပေးထားပါသည်။ ထို့ကြောင့် နှုတ်ကပတ် တော်နှင့်အညီ သစ္စာရှိစွာ နာခံရင်းနှင့် ဂတိတော်နှင့်အညီကြွယ်ဝပြီး ကောင်းစားသောအသက်တာကိုခံစားနိုင်ဖို့ရန် မေတ္တာနှင့်အသိပေး ဝေငှလိုက်ရပါသည်။

နာမတော်မြတ်၌
ညီအာစ်ကိုကြီးDrတင်မောင်ထွန်း



# ယုံကြည်ခြင်းဖြင့်အသက်ရှင်ပါ

ယုံကြည်ခြင်းသည် ခရစ်ယာန်အသက်တာ၌ အလွန်အရေးကြီးပါသည်။ ယုံကြည်ခြင်းသည် အနာဂတ်နှင့် ဆိုင်သည်။ ရပြီးသော အရာတို့အတွက် ယုံဖို့မလိုပါ။ ခံစားပြီးသောအရာ၊ တွေ့မြင်ရသော အရာအတွက် ယုံဖို့မလိုပါ။ မျှော်လင့်သော အရာ မရမီ၊ တောင့်တသောအရာ မခံစားမီ၊ မဖြစ်မီတွင် ကြိုတင်၍ ရရှိမည်၊ ခံစားမည်ဟု စိတ်ချနေခြင်းသည် ယုံကြည်ခြင်းဖြစ်သည်။သစ္စာရှိသော လူပုဂ္ဂိုလ်တစ်ယောက်အားကိစ္စတစ်ခုကို စေခိုင်းလိုက်ပါက ထိုသူပြန်မလာမီ စေခိုင်းလိုက်သောအမှုမပြီးစီးမီ၊ ထိုသူ၏ သစ္စာရှိမှု၊ တာဝန်ကို ကျေပြွန်စွာ ဆောင်ရွက်တတ်မှုကြောင့် ထိုသူအား မတွေ့မီကပင် စေခိုင်းသောအမှု အောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့မည်ကို စိတ်ချပြီး၊ စိတ်အေးစွာ နေနိုင်ပါသည်။ ဤသည်မှာ ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့ ဘုရားရှင်ထံ၌ ဆုတောင်းသည့်အခါ ယုံကြည်ပြီးမှ တောင်းပါ။ မယုံကြည်ဘဲနှင့် ဆုတောင်းခြင်းသည် တိတိကျကျရှိသည်။ ဘုရားသခင်က လာယူပါဟု ပြောသောအရာကို သွားယူခြင်း ဖြစ်သည်။ ဆုတောင်းခြင်းသည် ယုံကြည်ခြင်းရှိရုံမျှက အလိုတော်နှင့်ညီဖို့လဲ လိုအပ်ပါသည်။ ဆုတောင်းခြင်းသည် ဘုရားသခင် အလိုတော်ရှိသောအမှု ဖြစ်သလို၊ ယုံကြည်ခြင်းဖြင့် တောင်းပါက တောင်းသောဆုကို ဘုရားသခင်က အမှန်ပင် ပေးမည်ဖြစ်သည်။

## ယုံကြည်ခြင်းဟူသည်

***"ယုံကြည်ခြင်းသည်မျှော်လင့်သောအရာတို့ကိုမျက်မှောက်ပြုခြင်းဖြစ်၏၊ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလန်းခြင်းအကြောင်း ဖြစ်၏၊"***

***(ဟေဗြဲ ၁၁း၁)***

ယုံကြည်ခြင်းသည် မမြင်မတွေ့ရသေးသော အရာတို့ကို မြင်တွေ့၊ ခံစားရမည်ဟု စိတ်ချနေခြင်းဖြစ်သည်။ ယနေ့ အသက်ရှင်ခွင့် ရနေခြင်းသည် ကျေးဇူးတော် ဖြစ်ပါသည်။ နောက်တစ်နာရီ၊ နောက်တစ်နေ့ ဘာဖြစ်မည်ကို ကျွန်ုပ်တို့ ကြိုတင် မသိနိုင်ပါ။ သခင်ခရစ်တော်ကို ယုံကြည်လက်ခံခြင်းအားဖြင့် ထာဝရအသက်ကို ရထားပြီးဖြစ်၍ ဤလောကမှ စုတေ့၍ တမလွန်ခရီးနှင့်ဆိုင်သော ကဏ္ဍကို မရောက်သေး၊ မမြင်သေး၊ မခံစားသေးသော်လည်း ယုံမှားသံသယစိတ် မရှိဘဲ ကောင်းကင်ဘုံ၌ထာဝရ ငြိမ်သက်ဝမ်းမြောက်စွာ နေရမည်ကို စိတ်ချနေပါသည်။ ယေရှုခရစ်သည် ထိုအာမခံချက်ကို ကျွန်ုပ်တို့ အားပေးဖို့

ခံစားဖို့ ဤလောကသို့ ကြွလာခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာ၌ ယုံကြည်ခြင်း၏ဖခင်များကို ကျွန်ုပ်တို့တွေ့နိုင်ပါသည်။ ဦးစွာ အာဗေလ အသက်တာကို ကျွန်ုပ်တို့ တွေ့ရသည်။ အာဗေလ ပူဇော်သော ယဇ်ကို ဘုရားသခင် လက်ခံပါသည်။ အဘယ့်ကြောင့်နည်း။

***"ကာဣန ပူဇော်သော ယဇ်ထက် သာ၍မြတ်သောယဇ်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အား ပူဇော်၏၊"***

***(ဟေဗြဲ၊ ၁၁း၄)***

အာဗေလသည် ယဇ်ပူဇော်ရာ၌ ဘုရားသခင်အား ယုံကြည်ခြင်းအားဖြင့် ပူဇော်ပါသည်။ အာဗေလ၏ယုံကြည်ခြင်းသည် ဓမ္မသစ်ကာလသို့တိုင် ဖော်ပြချီးမြှောက်ခြင်း ခံရပါသည်။ ယနေ့တိုင် အာဗေလ၏ယုံကြည်ခြင်းအကြောင်းကို ကျွန်ုပ်တို့ ပြောဆိုဝေငှနေကြရဆဲပင် ဖြစ်ပါသည်။

***"ဧနောက်သည်ယုံကြည်ခြင်းအားဖြင့် သေခြင်းနှင့်လွတ်၍ ဘဝပြောင်းရ၏၊"***

***(ဟေဗြဲ၊ ၁၁း၅)***

ဧနောက်သည်လည်း ယုံကြည်ခြင်းအားဖြင့် သေခြင်းကို မမြည်းစမ်း၊ မခံစားရဘဲ ဘဝပြောင်း၍ ကောင်းကင်သို့ ရောက်ရှိသွားပါသည်။

***"နောဧသည် မမြင်သေးသော အမှုအရာတို့ကို ဖော်ပြသောဗျာဒိတ်တော်ကို ခံရပြီးမှ ယုံကြည်ခြင်းအားဖြင့် ကြောက်ရွံ့သောစိတ်ရှိ၍၊ မိမိအိမ်သူအိမ်သားတို့ကို ကယ်တင်ခြင်းငှာ သင်္ဘောကို တည်လေ၏၊"***

***(ဟေဗြဲ၊ ၁၁း၇)***

နောဧအား ဘုရားသခင်က သင်္ဘောကို တောင်ပေါ်၌ ဆောက်လုပ်စေသည်။ ဘုရားသခင်မှာထားတော်မူသည့်အတိုင်း နောဧပြေပြသည်။ သင်္ဘောဆောက်နေစဉ် လူများ နောင်တရဖို့ သတိပေးစကားဟောပြောစရာ၌လည်း နာခံ၍ပြုပါသည်။ နောဧသည် ဘုရားသခင်၏ စကားများအပေါ်၌ သံသယမရှိပါ။ ယုံကြည်ခြင်းဖြင့် နာခံ၍ ပြုခဲ့ရာ အချိန်တန် သည့်အခါ ဘုရားသခင်၏

**မျှော်လင့်သောအရာ မရမီ၊ တောင့်တသောအရာ မခံစားမီ၊ မဖြစ်မီတွင် ကြိုတင်၍ ရရှိမည်၊ ခံစားရမည်ဟု စိတ်ချနေခြင်းသည် ယုံကြည်ခြင်းဖြစ်သည်။**

စကားအတိုင်း ပြည့်စုံလာခဲ့ပါသည်။ ဒံယေလ အသက်တာကို ကြည့်ပါကလည်း ယုံကြည်ခြင်းအားဖြင့် တစ်နေ့သုံးကြိမ် ဆုတောင်းပါသည်။ အခြားသောဘုရားကို ဆုမတောင်းဖို့ရန် ရှင်ဘုရင်က အမိန့်ထုတ်ထားသဖြင့် ဆုတောင်းပါက အဖမ်းခံရမည်ကို သိသော်လည်း အမှုမထား၊ ဘုရားရှင်အား ဆုတောင်းမြဲရှိသည့်အတိုင်း ပုံမှန်ဆုတောင်းပါသည်။ အဖမ်းခံရသည့်အခါ ဘုရားသခင် ကယ်နိုင်ကြောင်း ယုံကြည်ပါသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း အထက်ခန်းမတံခါးကို ဖွင့်၍ ဆုတောင်းသဖြင့် အဖမ်းခံရပြီး ခြင်္သေ့တွင်းထဲ ပစ်ချခြင်း

**ယုံကြည်သူများသည် မြင်တွေ့ရမှ ခံစားပြီးမှ ယုံကြည်ရမည်မဟုတ်ပဲ၊ မမြင်မတွေ့ရမီကပင် ဘုရားသခင်ကို ယုံကြည်ခြင်းဖြင့် အသက်ရှင်ကြဖို့ရန် လိုအပ်ပါသည်။**

ခံခဲ့ရပါသည်။ အခြားသူများကို ပစ်ချသည့်အခါ အောက်သို့ မကျမီ ခြင်္သေ့တို့သည် နိုင်၍ သူတို့အရိုးရှိသမျှတို့ကို ချိုးဖဲ့ကြ၏။ ဒံယေလမူကား ဘုရားသခင် ကွယ်ကာစောင့်မတော်မူပါသည်။ ဘုရားသခင်သည် ကောင်းကင်တမန်ကို စေလွှတ်၍ ခြင်္သေ့နှုတ်ကို ပိတ်ထားတော်မူသဖြင့် သူသည် ခြင်္သေ့ကိုက်ခံရခြင်းဘေးမှ လွတ်ခဲ့ပါသည်။ ကျွန်ုပ်တို့ ကိုးကွယ်သော ဘုရားသခင်သည် ထိုသို့သော ဘုရားဖြစ်ပါသည်။ ယနေ့ ယုံကြည်သူများသည် မြင်တွေ့ရမှ ခံစားပြီးမှ ယုံကြည်ရမည်မဟုတ်ပဲ၊ မမြင်မတွေ့ရမီကပင် ဘုရားသခင်ကို ယုံကြည်ခြင်းဖြင့် အသက်ရှင်ကြဖို့ရန် လိုအပ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘေးအန္တရာယ်မှ ကွယ်ကာနိုင်တော်မူသော ဘုရားသခင် ဖြစ်ပါသည်။ ထို့အတူ ကျွန်ုပ်တို့ လိုအပ်သော စားဖို့၊ ဝတ်ဖို့၊ နေဖို့ အရေးရှိသမျှတို့ကိုလည်း မစ၍ ပြည့်စုံစေနိုင်သော ဘုရားရှင်ဖြစ်ပါသည်။

## ယုံကြည်ခြင်း၏သက်သေ

***"မောရှေသည် အသက်အရွယ်ကြီးသောအခါ အပြစ်ရှိသောကာမဂုဏ်ကို ခဏခံစားခြင်းထက်၊ ဘုရားသခင်၏လူတို့နှင့်အတူ ညှင်းဆဲခံရခြင်းကိုသာ၍ အလိုရှိသဖြင့်၄င်း၊ အဲဂုတ္တုပြည်၏စည်းစိမ်ထက် ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍ မြတ်သော စည်းစိမ်ဖြစ်သည်ကိုစိတ်ထင်သဖြင့်၄င်း၊ ယုံကြည်ခြင်းစိတ်ရှိ၍ ဖာရောဘုရင်သမီး၏သားဟူ၍ ခေါ်ဝေါ်ခြင်းအခွင့်ကို ပယ်၏၊"***

***(ဟေဗြဲ၊၁၁း၂၄-၂၆)***

မောရှေသည် အဲဂုတ္တုဘုရင့်သမီး၏ မွေးစားသား ဖြစ်သည်။ နန်းတော်၌ ဆက်လက်နေထိုင် အသက်ရှင်ပါက လောကစည်းစိမ် ခံစားရမည်ဖြစ်သော်လည်း ထိုစည်းစိမ်ကိုငြင်းပယ်ပြီး ဘုရားသခင် လူတို့နှင့်အတူ ညှင်းဆဲခံရခြင်း အသက်တာကို ရွေးယူခဲ့ပါသည်။ မောရှေသည် ဘုရားသခင်နှင့် မျက်နှာခြင်း ဆိုင်တွေ့ခဲ့ရသည်။ ဘုရားသခင်နှင့် ဆက်သွယ် စကားပြောခွင့် ရခဲ့ပါသည်။ ဘုရားသခင်၏ ထင်ရှားပြသခြင်းကိုလည်း ကိုယ်တွေ့ ဖြစ်ခဲ့ရပါသည်။ နောက်ထပ်အတုယူစရာ ပုဂ္ဂိုလ်အနေနှင့် အာဗြဟံအသက်တာကို တွေ့နိုင်ပါသည်။ အာဗြဟံသည်လည်း မိမိဆွေမျိုးသားချင်းများကြားမှ ထွက်ခဲ့ဖို့ရန် မိန့်တော်မူသည့်အခါ မည်သည့်အရပ်သို့ သွားရမည်ကို မသိသော်လည်း ယုံကြည်ခြင်းဖြင့် နာခံလျက် ထွက်လာပါသည်။ အသက်ကြီးမှ သားကို ရမည်ဟု ဂတိတော်ကို ခံရပါသည်။ ဂတိတော်အတိုင်း သားကိုရဖို့ရန် ၂၅နှစ်ကြာ မြင့်ခဲ့ပါသည်။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သော်လည်း ဂတိတော်အတိုင်း သားရဖို့ရန် စောင့်ဆိုင်းစဉ်ကြားကာလ၌ ဇာတိဖြင့် အစားထိုးမိသဖြင့် ပြဿနာတွေ့ရပြီး ရှုပ်ထွေးမှုဖြစ်သည်ကို တွေ့ကြုံခဲ့သည်။ ဘုရားသခင် ဂတိထားတော်မူသောအချိန်မရောက်မီ ကိုယ်နည်းကိုယ်ဟန်နှင့် ပြုမိသဖြင့် စိတ်အနှောက်အယှက်ဖြစ်စရာများစွာ ကြုံခဲ့ရသည်။ ဘုရားသခင်၏ဂတိတော်ကို ယုံကြည်ပါက ဂတိတော်ပြည့်စုံသည့်အထိ ဇာတိနှင့်မည်သည့်အမှုကိုမျှ မပြုဘဲ ဘုရားသခင်ကို စေ့စေ့မျှော်မှော်ပြုဖို့ လိုပါသည်။ စာရာသည် အသက်အရွယ် လွန်သည့်အခါ သားရမည်ဟူသော စကားကို လှောင်အနေနှင့် ယုံဖို့ခက်သောကြောင့် ရယ်မိပါသည်။ ထို့ကြောင့် သားကို ရသည့်အခါ ဣဇက်အမည်ဖြင့် မှည့်ပါသည်။ အဓိပ္ပါယ်က ဟေဗြဲဘာသာအားဖြင့် မောင်ရီဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့အသက်တာ၌လည်း မဖြစ်နိုင်ဟုထင်ရသော အခြေအနေ၌ ဘုရားသခင်ကို ယုံ

ကြည်သည့်အခါ ယုံကြည်သည့်အတိုင်း ဖြစ်လာသည့်အခါများလည်း ရှိခဲ့ပါသည်။ အာဗြဟံ အသက်ကြီးမှ ရသောသားကို ပြန်၍ ပူဇော်ဖို့ရန် ဘုရားသခင်က တောင်းပါသည်။ ဘုရားသခင်က အာဗြဟံ၏ယုံကြည်ခြင်းကို ဆန်းစစ်ခြင်း ဖြစ်ပါသည်။ (ကမ္ဘာ ၊၂၁) တွင် ထိုအဖြစ်အပျက်ကို တွေ့နိုင်ပါသည်။ အာဗြဟံသည် ဘုရားသခင်၏ အမိန့်တော်အတိုင်း သားဣဇာက်ကို ယဇ်ပူဇော်ဖို့ရန်အတွက် ထင်းကို မြည်းပေါ်၌ တင်၍ တပည့်နှစ်ယောက်နှင့်အတူ ထွက်ခဲ့ပါသည်။ လမ်း၌ သားဣဇာက်က အဖ ထင်းပါ၏။ မီးပါ၏။ ယဇ်ကောင်အဘယ်မှာနည်းဟု မေးသည့်အခါ အာဗြဟံသည် သားအား ယဇ်ရှိစရာအဘို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဘို့ ပြင်ဆင်လိမ့်မည်ဟု ဆိုပါသည်။ အာဗြဟံသည် ဘုရားသခင်၏ စကားအတိုင်း ယုံကြည်ခြင်းဖြင့် အဆုံးထိတိုင် ပြုပါသည်။ နောက်ဆုံး ယဇ်ပူဇော်ဖို့ရန် ပြင်ဆင်ပြီး ထားကို ကိုင်၍သားကို သတ်ခြင်းငှာ လက်ကိုဆန့်လျှင် ထာဝရဘုရား၏ ကောင်းကင်တမန်က အာဗြဟံ ထိုလုလင်ကို မထိခိုက်နှင့်ဟု ဆိုပါသည်။ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ကို ယခုငါသိ၏ဟု ဆိုကာ ယဇ်အဖို့ ချုံ၌ ငြိနေသော သိုးသငယ်ကို ပြင်ဆင်ပေးပါသည်။ ကျွန်ုပ်တို့ ယုံကြည်သူအယောက်တိုင်းအတွက် ဘုရားသခင် ပြင်ဆင်ပေးထားသော အာမခံချက်သည် ကောင်းကင်၌ ရှိပါသည်။ အချိန်တန်လျှင် ပြန်ရမည်ဖြစ်၍ အသင့်ပြင်ဆင်လျက် စောင့်နေကြဖို့ ဖြစ်သည်။ လောကအရာများအပေါ်၌သာ အာရုံစိုက်ပြီး အမှုမဲ့ အမှတ်မဲ့ အသက်ရှင်နေကြဖို့ မဟုတ်ပါ။ ဤလောကအသက်တာ၌ ကျွန်ုပ်တို့ လိုအပ်ချက်များစွာ ရှိပါသည်။ သို့သော် လောကီလိုအပ်ချက်ဖြစ်သော ထိုအရာများအတွက်လည်း ဘုရားသခင်က ပြည့်စုံစေမည်ဟု အာမခံချက်ပေးထားပါသည်။ ဤလောက၌ ကျွန်ုပ်တို့ အသက်ရှင်နေစဉ် သခင်ဘုရား ကျွန်ုပ်တို့နှင့်အတူ ပါရှိပါက ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ အောင်မြင်ခြင်း စသော ကောင်းကြီးမင်္ဂလာများကိုလည်း ပြည့်စုံစွာ ခံစားဖို့ရန် ဘုရားသခင် ပြင်ဆင်ပေးထားပါသည်။ စားဖို့၊ သောက်ဖို့၊ ဝတ်ဖို့အတွက်လည်း ပူစရာမလိုပါ။ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ဦးစွာ ရှာပါ။ နောက်မှ ထိုအရာများကို ထပ်၍ ပေးမည်ဟု ဘုရားသခင်က ဂတိတော်ပေးထားပါသည်။

**ကျွန်ုပ်တို့ လောက၌ အသက်ရှင်စဉ် အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာနှင့် တွေ့ကြုံရပါသည်။ ဝမ်းနည်းမျက်ရည်ကျကြရသည်များလည်း ရှိသည်။ ကောင်းကင်ဘုံသို့ ရောက်သောအခါ ထိုအရာများမရှိတော့ပါ။**

### သစ္စာနှင့်ပြည့်စုံသော ဘုရား

ကျွန်ုပ်တို့လောက၌အသက်ရှင်စဉ် အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာနှင့် တွေ့ကြုံရပါသည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေး စသည်သို့သော အရေးအရာအမျိုးမျိုး ကြုံတွေ့ကြရသည်။ ဝမ်းနည်းမျက်ရည်ကျကြရသည်များလည်း ရှိသည်။ ကောင်းကင်ဘုံသို့ ရောက်သောအခါ ထိုအရာများ မရှိတော့ပါ။

***"ဘုရားသခင်သည် သူတို့၏မျက်စေ့၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်၊ နောက်တဖန် သေဘေးမရှိရ၊ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ၊ အကြောင်းမူကား ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ" (ဗျာ၊ ၂၁း၄)။***

ဘုရားသခင်သည် ကျွန်ုပ်တို့၏ မျက်ရည်ရှိသမျှကို သုတ်ပေးမည် ဖြစ်သည်။ သေခြင်းဘေးလည်း မရှိတော့ပါ။ ဤလောက၌ အသက်ရှင်စဉ် စိတ်မသာ ညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းတို့ ရှိပါသော်လည်း ကောင်းကင်ဘုံ၌ ထိုအရာများ မရှိတော့ပါ။ လောကနှင့်ဆိုင်သောအရာ၊ ခံစားမှုအားလုံးကို လောက၌ ထားခဲ့ပြီဖြစ်သည်။

***"ထိုမြို့သည် နေ၏အရောင်၊ လ၏အရောင်ကို အလိုမရှိ၊ အကြောင်းမူကား၊ ဘုရားသခင်၏ဘုန်းတော်သည် ထိုမြို့ကို လင်းစေ၏" (ဗျာ၊ ၂၁း၂၃)။***

ယုံကြည်သူတို့ ဤလောကမှ စုတေသည့်နောက် ရောက်ရှိသွားရမည့်နေရာသည် နေ၏အရောင်၊ လ၏အရောင်ကို မလိုအပ်ပါ။ ထိုမြို့သည် ဘုရားသခင်၏ ဘုန်းတော်နှင့် လင်းထိန်လျက်ရှိကြောင်း ဖော်ပြထားပါသည်။ ယနေ့ ယုံကြည်သူများ ရောက်ရှိသွားရမည့်နေရာသည် ထိုသို့အာမခံချက်၊ ကောင်းမြတ်မှုအမျိုးမျိုးနှင့်ပြည့်စုံသော နေရာဖြစ်ပါသည်။ ဤမျှကောင်းမြတ်သောအရာများနှင့် ပြည့်စုံနေသော အရပ်သို့ ရောက်ကြမည်သူများ ဖြစ်ကြသောကြောင့် ကျွန်ုပ်တို့သည် မိမိတို့အသက်တာများကို ဘုရားသခင်အလိုတော်နှင့်အညီ ပြင်ဆင်လျက် အသက်ရှင်သင့်ကြပါသည်။

***"ငါတို့သည်သစ္စာနှင့်ပြည့်စုံသော သဘောရှိ၍ ဝိစိကိစ္စနှင့်ကင်းသော ယုံကြည်ခြင်း၌ တည်လျက် စိတ်နှလုံးကို သံဝေဂ တရားနှင့် လွတ်အောင် ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သာရေဖြင့် ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့၊ မြော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍ မတိမ်းယိမ်းမရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့၊ အကြောင်းမူကား ဂတိထားတော်မူသောသူသည် သစ္စာနှင့် ပြည့်စုံတော်မူ၏" (ဟေဗြဲ၊၁၀း၂၂-၂၃)။***

ကျွန်ုပ်တို့အား ဂတိထားတော်မူသောသူသည် သစ္စာနှင့် ပြည့်စုံသောဘုရား ဖြစ်သည်။ ဂတိထားတော်မူသည့်အတိုင်း ပြည့်စုံခဲ့ပြီးသောအရာများလည်း ရှိခဲ့ပါသည်။ နောက်ဖြစ်မည့်အရာများနှင့် ပါတ်သက်၍လည်း ဂတိထားသောအရှင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည် ဖြစ်၍ ကျွန်ုပ်တို့အတွက် အနာဂတ်ကိုလည်း ပြင်ဆင်ပေးထားပေးပါသည်။ ယနေ့ ပစ္စုပန်အချိန်၌လည်း ထို ဘုရားသခင်၏ မစထောက်ပံ့ခြင်းများကိုလည်း လက်တွေ့ခံစားနေရကြရပါသည်။ ဤမျှလောက် ကောင်းမြတ်သော ဘုရား၊ သစ္စာဂတိတည်သောဘုရား ဤလောကကြီး၌ မရှိပါ။ ကျွန်ုပ်တို့အယောက်တိုင်း ထိုဘုရား၏ လက်ဝယ်၌ မိမိတို့အသက်တာများကို လုံးဝဥဿုံအပ်နှံ၍ ယုံကြည်စိတ်ချစွာ အသက်ရှင်ကြဖို့ မေတ္တာဖြင့် အားပေးဝေငှလိုက်ပါသည်။

နာမတော်မြတ်၌

ညီအစ်ကိုဦးတင်မောင်ညို



# စိတ်ဝိညာဉ်ကို ကိုယ်တော်၌ အပ်နှံပါ

ယနေ့ ယုံကြည်သူများနှင့် အတူ ကားတိုင်ထက်မှာ သခင်ယေရှု မိန့်တော်မူခဲ့သော စကားခုနစ်ခွန်း အနက် ***သုံးခွန်း*** ကို စဉ်းစားဆင်ခြင်လိုပါသည်။ ထိုစကားများသည် ယုံကြည်သူများအတွက် အလွန်အရေးကြီးသော စကားများဖြစ်၍ အသက်တာအတွက် လေးနက်စွာ ခံယူစေလိုပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စကားကို လေးနက်စွာ နားလည်ခံယူခြင်း မရှိပါက၊ ယုံကြည်မှုများယွင်းနိုင်ပါသည်။ ယုံကြည်မှု မှားယွင်းလွဲချော်မိပါက၊ အသက်တာ၌ ဆိုးကျိုးများစွာ ဖြစ်တတ်ပါသည်။ ထိုသို့ မဖြစ်ဘဲ၊ ဘုရားသခင့်နှုတ်ကပတ်တော်စကားကို သဘောပေါက်ခံယူနိုင်သူ ခရစ်တော်၏ ***တပည့်တော်မှန်*** ဖြစ်ဖို့ ဤစကားတော်သုံးခွန်းကို အလေးထားရန်လိုပါသည်။

### စိတ်ဝိညာဉ်ကို ကိုယ်တော်၌သာ အပ်နှံပါ

***“အိုအဘ၊ အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ်အပ်ပါ၏။ဟု မိန့်တော်မူလျက် အသက်ချုပ်တော်မူ၏”***

***(လု၊ ၂၃း၄၆)။***

သခင်ယေရှုခရစ်သည် မိမိ၏စိတ်ဝိညာဉ်ကို အဘဘုရားသခင်၏လက်တော်၌ အပ်နှံခဲ့သည်ကိုတွေ့ရပါသည်။ ကျွန်ုပ်တို့ အသက်တာ၌ အပ်နှံခြင်းဟူသည် အလွန်အရေးကြီးပါသည်။ ဓားကို သူ့နေရာ၌ ထားခြင်းသည်လည်း အပ်နှံခြင်းတစ်မျိုး ဖြစ်သည်။ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် လက်ထပ် ထိမ်းမြားကြခြင်းသည်လည်း အပ်နှံခြင်းပင် ဖြစ်သည်။ သူတို့နှစ်ဦးအား ဘုရားသခင်က တစ်ဦး+တစ်ဦးကို=နှစ်ဦးဟုမပြောပါ။ တစ်ဦးဟု ပြောပါသည်။ ထို့အတူ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် သုံးပါးတစ်ဆူ ဖြစ်သည်ဟု မိန့်တော်မူပါသည်။ ထို့အတူ၊ ဆယ်ဖို့တွင် တစ်ဖို့ ပေးအပ်သည့်အခါ လူ့အမြင်၌ ကိုးဖို့သာ ကျန်တော့မည်ဟု ထင်မြင်စရာ ဖြစ်သည်။ သို့သော်၊ ဆယ်ဖို့တစ်ဖို့ ပေးအပ်သည့်အခါတွင်၊ ဘုရားသခင်က ကောင်းကင် ပြူတင်းပေါက်တို့ကိုဖွင့်ပြီး ကောင်းကြီးများစွာ သွန်းလောင်းမည်ဟု ဂတိတော်ထား၍ ကိုးဖို့ သာမကတော့ပဲ၊ အဆပေါင်းများစွာ ပြန်၍ခံစားရမည် ဖြစ်သည်။ ဘုရားသခင်၏ ကိန်းဂဏာန်းသည် လူ့တွေးထင်ထားသကဲ့သို့ မဟုတ်ပါ။ ကျွန်ုပ်တို့ စဉ်းစားတွေးခေါ်မှုက၊ မမှီလောက်အောင် အံ့သြဘွယ် ဖြစ်ပါသည်။ သို့ဖြစ်၍၊ ကျွန်ုပ်တို့၏ အပ်သင့် အပ်ထိုက်သောအရာမှာ အဘယ်အရာဖြစ်သနည်း?။ ကျွန်ုပ်တို့ အပ်သင့် အပ်ထိုက်သောအရာကား၊ မိမိ၏အသက်ဝိညာဉ် ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ အသက်တာ၌ တန်ဘိုး အရှိဆုံးသောအရာမှာ ***အသက်ဝိညာဉ်*** ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ အသက်ဝိညာဉ်ကို အလုံခြုံဆုံးနေရာဖြစ်သည့် ဘုရားသခင်ထံတော်၌ အပ်နှံထားကြဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့က တစ်ခါတစ်ရံမှာ၊ သတိလစ်ပြီးတော့ အကောင်းဆုံး၊ အမွန်မြတ်ဆုံးကို မလိုအပ်သည့်နေရာမှာ သွား၍ အပ်နှံတတ်ကြသည်။ အဝတ်အစားရဖို့ မိမိကိုယ်ကို ရောင်းစားမိတတ်ကြသည်။ သခင်ယေရှုက၊ မိမိတပည့်တော်များအား အဝတ်ထက် ကိုယ်မြတ်သည်။ ကိုယ်ထက် အသက်မြတ်သည်ဟု မိန့်တော်မူပါသည်။ ကျွန်ုပ်တို့၏ အသက်ဝိညာဉ်သည် မည်မျှတန်ဘိုးရှိပါသနည်း?။

***“လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း?”***

***(မာ ၈း၃၆)။***

ကျွန်ုပ်တို့ တစ်ဦးစီ၌ရှိသော အသက်ဝိညာဉ်သည် စကြဝဠာ တစ်ခုလုံးထက်မျှမက တန်ဘိုးရှိနေပါသည်။ ကျွန်ုပ်တို့သည် မိမိတို့အသက်ဝိညာဉ်၏ တန်ဘိုးကိုသိပြီး အသက်တာကို အလေးဂရုပြုကြဖို့ လိုပါသည်။ ကလေးတစ်ဦး မွေးသည့်အခါ၊ အမည်ကင်ပွန်းပေးခြင်းသည် ထိုအသက်ဝိညာဉ်ကိုသာ နာမည်ပေးခြင်းဖြစ်သည်။ ကလေးတစ်ယောက် မွေးပြီး မကြာမီ သေဆုံးသွားပါက၊ ထိုကလေးငယ်အား နာမည်ကင်ပွန်းမပေးပါ။ ရုပ်ခန္ဓာက စုံစုံလင်လင် ရှိနေသော်လည်း နာမည်မပေးပါ။ ထို့ကြောင့်၊ နာမည်ပေးခြင်းသည် လူ့ခန္ဓာကိုယ်ကို လှုပ်ရှားစေသော ရှင်သန်စေသောအသက်ဝိညာဉ်ကို ပေးခြင်းသာဖြစ်ကြောင်း နားလည်ရပါသည်။ သို့ဖြစ်၍ တန်ဘိုးရှိပြီး မိမိဖြစ်နေသော အသက်ဝိညာဉ်ကို အဘ၊ဘုရားသခင်ထံ၌ အပ်နှံခြင်းသည်သာလျှင် အလုံခြုံဆုံး စိတ်အချရဆုံးဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် မည်မျှလုံခြုံရာ ဖြစ်ပါသနည်း?။

***“အမြင့်ဆုံးသော ဘုရား၏ကွယ်ကာရာ ဌာနတော်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏အရိပ်ကိုခိုရလိမ့်မည်၊ ထာဝရဘုရားသည် ငါခိုလှုံရာ၊ ငါ၏ရဲတိုက်၊ငါကိုးစားသောဘုရားသခင်ဖြစ်တော်မူသည်ဟုငါပြောဆို၏”***

***(ဆာ၊ ၉၁း၁-၂)။***

ဘုရားသခင်၌ မိမိအသက်ဝိညာဉ်ကို အပ်နှံထားသောသူက ဘုရားသခင်သည် မိမိ၏ခိုလှုံရာ ရဲတိုက်ဖြစ်သည်ဟု ကြွေးကြော်နိုင်ခဲ့ပါသည်။ ဘုရားသခင်သည် ရဲတိုက်သဖွယ် ကျွန်ုပ်တို့အသက်ဝိညာဉ်၏ လုံခြုံစိတ်ချစွာ မှီခိုစရာ ဖြစ်ပါသည်။

### ယုံကြည်သူ၏ အာမခံချက်

သခင်ယေရှုသည် ကားတိုင်ထက်၌ရှိနေစဉ် မိမိအသက်ဝိညာဉ်ကို အဖခမည်းတော်ထံ၌သာ အပ်နှံထားသောကြောင့်၊ ခမည်းတော် ဘုရားသခင်သည် ယေရှု ခရစ်တော်အား သေခြင်းမှ ထမြောက်စေတော်မူခဲ့ပါသည်။ သခင်ယေရှုခရစ်သည် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသော အဦးဆုံးသောသူ ဖြစ်ပါသည်။ ထို့ကြောင့်၊ သခင်ယေရှုက

**ကျွန်ုပ်တို့တစ်ဦးစီ၌ရှိသော အသက်ဝိညာဉ်သည် စကြာဝဠာ တစ်ခုလုံးထက်မျှမက တန်ဘိုးရှိပါသည်။ ကျွန်ုပ်တို့သည် မိမိတို့အသက်ဝိညာဉ်၏တန်ဘိုးကို သိပြီး အသက်တာကို အလေးဂရုပြုကြဖို့ လိုပါသည်။**

***"ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း၊ ရှင်လိမ့်မည်ဟု"***

မိန့်တော်မူပါသည်။ သခင်ယေရှုသည် ကိုယ်တိုင်သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခဲ့သောကြောင့်၊ သူ့ကို ယုံကြည်သောသူများကို သေလွန်သော်လည်း ရှင်စေနိုင်ခြင်းအခွင့်ကို ခံစားကြဖို့ အာမခံခဲ့ပါသည်။ ထိုသို့သော အာမခံချက်ကို ခံစားရကြဖို့ သက်သေရှိပါသလား?။ ရှိပါသည်။ မုဆိုးမ၏ တစ်ဦးတည်းသော သားကို သခင်ယေရှုသည် သေခြင်းမှ ထမြောက်စေတော်မူခဲ့ပါသည်။ တဖန် တရားဇရပ်မှူး ယာဣရု၏ သမီးကိုလည်း သေခြင်းမှထမြောက်စေတော်မူခဲ့သည်။ နောက်ဆုံး သေရုံသာမက၊ သင်္ဂြိုလ်ပြီး လေးရက်ရှိပြီဖြစ်သော ***လာဇရု*** အား သင်္ချိုင်းဂူမှ ထမြောက်စေတော်မူခဲ့ပါသည်။ ဤသက်သေအပေါင်းမှာ ကျွန်ုပ်တို့အတွက် ယုံကြည်လောက်သော သက်သေများဖြစ်ပါသည်။ ယေရှုခရစ်တော် ကိုယ်တော်တိုင် သေခြင်းကို အောင်၍ ရှင်ပြန်ထမြောက်တော်မူသည် သာမက၊ သေလွန်ပြီးသောသူများကိုလည်း သေခြင်းမှ ထမြောက်စေခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ယနေ့ မိမိတို့အသက်ဝိညာဉ်၏ လုံခြုံရာအဖြစ် သခင်ယေရှုကို ယုံကြည်လက်ခံကြဖို့ ဖြစ်ပါသည်။ ထိုသို့ ယုံကြည်သောသူသည် သေလွန်သော်လည်း၊ ရှင်ပြန်ထမြောက်ရသော အခွင့်ကို ရပါသည်။

***"သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ"***

***(ယော၊ ၃း၁၈)။***

လူသည်သေပြီးသည့်နောက် တရားစီရင်ခြင်းကို ခံရမည်ဖြစ်သည်။ ခရစ်တော်ကို ယုံကြည်သောသူသည် သေပြီးနောက်၊ ခံရမည့်တရားစီရင်ခြင်းမှ လွတ်မြောက်ခွင့်ရပါသည်။ အပါယ်လားစရာ မလိုတော့ပဲ၊ ဘုရားသခင်နှင့်အတူ ထာဝရသုခချမ်းသာဘုံ၌ အစဉ်နေခွင့်ရကြမည် ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့အသီးသီး၏ အသက်ဝိညာဉ်သည် ထာဝရလုံခြုံစိတ်ချမှု အာမခံချက်ကိုပေးနိုင်သော သခင်ယေရှု၌သာ အပ်နှံကြဖို့ရန် နှိုးဆော်လိုပါသည်။ ယေရှုက၊

***"ငါ့ကိုယုံကြည်၍အသက်ရှင်သောသူရှိသမျှတို့သည်လည်း၊ သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်"***

***(ယော၊ ၁၁း၂၆)။***

**သူသည် ကားတိုင်လမ်း၌ မကြာမီသေဆုံး ရတော့မည်ဖြစ်ပါသည်။ သို့သော်၊ သခင်ယေရှုခရစ်ကို ယုံကြည်လက်ခံခြင်းဖြင့်၊ တမလွန်အတွက် ဝမ်းမြောက်မှုကို စိတ်နှလုံးထဲ၌ ချက်ခြင်း ခံစားရပါသည်။**

သခင်ယေရှုကို ယုံကြည်လက်ခံပြီးသောသူသည် တမလွန်မှာ ဘဝသံသရာ လည်စရာ မလိုတော့ရုံသာမက၊ ပြန်ပြန်သေရသောအဖြစ်ဆိုးမှလည်း ထာဝရလွတ်မြောက်ခွင့် ရရှိပြီဖြစ်ပါသည်။

### အပြစ်စီရင်ခြင်းကို ခံရသောသူ

***"ယေရှုကလည်းငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည်ဟု မိန့်တော်မူ၏"***

***(လု၊ ၂၃း၄၃)။***

သခင်ယေရှုက ထိုသို့ ပြောလိုက်သူမှာ လူကောင်း သူကောင်း မဟုတ်ပါ။ သမ္မာကျမ်းစာက လူဆိုးဟု မှတ်တမ်းတင်ထားပါသည်။ ထိုသူသည် သေအံဆဲဆဲရှိသောအချိန်၌ သခင်ယေရှု ခရစ်တော်ဘက်သို့ လှည့်၍ လျှောက်ဆိုခဲ့ပါသည်။

***"သခင်၊ ကိုယ်တော်သည် နိုင်ငံတော် တည်လျက် ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူပါဟု"***

*(လု၊ ၂၃း၂၄)*

ထိုစကားမှာ သူ၏နှလုံးသားက ထွက်ပေါ်လာသော စကားဖြစ်သည်။ သူသည် မိမိ၌ အပြစ်ရှိ၍ ထိုအပြစ်ကြောင့် ယခုလို ခံစားနေရကြောင်း သိရှိဝန်ခံသူ ဖြစ်ပါသည်။ ထို့ပြင်၊ သခင်ယေရှုသည် မိမိအသက်တာအတွက် ယုံသင့်ယုံထိုက်သော၊ တမလွန်အတွက် အားကိုးထိုက်သောပုဂ္ဂိုလ် မြတ်ဖြစ်ကြောင်း ခံယူလာပါသည်။ ထိုကဲ့သို့ ယုံကြည်လျက် ကိုယ်တော်ထံ၌ မိမိကိုယ်မိမိ အပ်နှံနေခြင်း ဖြစ်ပါသည်။ သခင်ယေရှုသည် ထိုလူဆိုး၏ အပ်နှံခြင်းကို လျစ်လျူမရှုပါ။ ချက်ခြင်းတုန့်ပြန်၍ ***သင်သည် ငါနှင့်အတူ၊ ပရဒိသုဘုံ၌ ယနေ့ပင် ရှိလိမ့်မည်*** ဟု မိန့်တော်မူပါသည်။ သင် ယခု ကားတိုင်မှဆင်း၍ နှစ်ခြင်းခံပါ။ ပွဲတော်ဝင်ပါ။ အလှူငွေ သွားထည့်လိုက်ပါဟု မပြောပါ။ ထိုသူသည် သခင်ယေရှုခရစ်နှင့်အတူ ဘုန်းဝင်စားရသောအခွင့်ကို ချက်ခြင်း ရရှိသွားပါသည်။ ဤလူဆိုးသည် ထိုအာမခံချက်ကို မည်သို့ ခံစားရရှိသွားပါသနည်း?။ စိတ်နှလုံးထဲ၌ သခင်ယေရှုကို ယုံကြည်လက်ခံခြင်းအားဖြင့် ခံစားခဲ့ရခြင်း ဖြစ်ပါသည်။ သူသည် ကားတိုင်ထက်၌ မကြာမီသေဆုံး ရတော့မည် ဖြစ်ပါသည်။ သို့သော်၊ သခင်ယေရှုကို ယုံကြည်လက်ခံခြင်းဖြင့်၊ တမလွန်အတွက် ဝမ်းမြောက်မှုကို မိမိစိတ်နှလုံးထဲ၌ ချက်ခြင်း ခံစားရပါသည်။

***"သားတော်ကို ယုံကြည်သောသူသည်အပြစ်စီရင်ခြင်းကို မခံရ၊ မယုံကြည်သောသူမူကား၊ ဘုရားသခင်၌တစ်ပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့်၊ ယခုပင် အပြစ်စီရင်ခြင်းကို ခံရ၏"***

***(ယော၊ ၃း၁၈)။***

ယုံကြည်သောသူသည် ယုံကြည်သည့်အချိန်၌ပင် ချက်ခြင်း အာမခံချက်ကို ရရှိခံစားရပါသည်။ ထိုအချိန်၌ပင် အပြစ်စီရင်ခြင်း ခံရမည့် အခြေမှ လွန်မြောက်သွားပါသည်။ မယုံကြည်သောသူမှာမူ သားတော်ကို မယုံကြည်ခြင်းကြောင့်၊ ယခုပင် အပြစ်စီရင်ခြင်း ခံပြီးသားဖြစ်ကြောင်း ဖော်ပြထားပါသည်။ အချို့သောဒေသများ၌ ခရစ္စမတ်ပွဲတော်အတွက် စားဖို့ ဝက်ကို ကြိုတင်မွေးထားကြသည်။ ထိုဝက်သည် စားလိုက်၊ သောက်လိုက်ဖြစ်ပြီး ကြီးထွားလာသော်လည်း၊ ခရစ္စမတ်၌ သတ်ဖို့ စီရင်ခြင်း ခံပြီးသားဖြစ်ပါသည်။ ခရစ္စမတ်မရောက်၍ အသတ်မခံရသေးသော်လည်း၊ အသတ်ခံရဖို့ရန် စီရင်ပြီးဖြစ်ပါသည်။ ယနေ့ ယေရှုခရစ်တော်ကို ယုံကြည်သောသူအတွက် သတင်းကောင်းမှာ ချက်ခြင်းပင် အပြစ်လွတ်ခြင်းခံရပြီး၊ ထာဝရအသက်ကို ရရှိခြင်းပင် ဖြစ်ပါသည်။ ဝင်စားဖို့သာ လိုတော့သည်။ မယုံကြည်သောသူမူကား၊ ယခုအပါယ်ရဲသို့ မရောက်ရသေးသော်လည်း၊ မီးအိုင်သို့ အပို့ခံဖို့ရန် သတ်မှတ်စီရင်ခြင်းခံပြီးသူ ဖြစ်နေပါသည်။

### အချင်းချင်းတို့၏ အပြစ်ကိုလွှတ်ကြ

***"ယေရှုကလည်း၊ အိုအဘ သူတို့၏အပြစ်ကို လွှတ်တော်မူ***

***ပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြဟု မြွက်ဆိုတော်မူ၏"***

***(လု၊ ၂၃း၃၄)။***

ခရစ်တော်သည် ကားတိုင်၌ သူ့အား ရိုက်နှိပ်သောသူတို့၏ အပြစ်ကို လွှတ်ဖို့ရန် ခမည်းတော်ထံ၌ တတိယစကားအနေနဲ့ တောင်းလျှောက်ပေးပါသည်။ ယနေ့ ကျွန်ုပ်တို့ အသက်တာတွင် တစ်ဦးနှင့် တစ်ဦး ကျေးဇူးပြုသောအရာများ ရှိကြပါသည်။ ဝတ်စရာမရှိသူကို အဝတ်ပေးတတ်ပါသည်။ စားစရာ မရှိသောသူကိုစားစရာ ပေးတတ်ကြပါသည်။ ထိုသို့ ***ပေးကမ်းကြသည့်အထဲ၌ အကောင်းဆုံးသော ပေးကမ်းကူညီကြခြင်းက အချင်းချင်း အပြစ်လွှတ်ကြခြင်းပဲ ဖြစ်ပါသည်။*** တစ်ဦးနှင့်တစ်ဦး ချည်နှောင်ပြီးနေကြသည်ထက် အပြန်အလှန် အပြစ်များကို လွှတ်၍ အသက်ရှင်ကြခြင်းသည် ခမည်းတော်ဘုရားသခင့် ရှေ့တော်၌ ***မွေးကြိုင်သောယဇ်*** ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်လက်ခံပြီး ဗတ္တိဇံမင်္ဂလာကို ခံယူကြသည့်အခါ၊ ***ခရစ်တော်၏ တပည့်*** ဖြစ်ကြပါသည်။ ခရစ်တော်၏တပည့်ဖြစ်ပုံကို (လု၊ ၉း၅၇-၆၂) တွင်၊ လူတစ်ဦးက သခင်ကိုယ်တော်ကြွတော်မူရာအရပ်ရပ်သို့ ကျွန်ုပ်လိုက်ပါမည်ဟု တပည့်ဖြစ်လို၍ ခွင့်တောင်းပါသည်။ ထိုသူအား ကိုယ်တော်က မြေခွေး၌ တွင်းရှိ၏။ ငှက်၌လည်း နားရာအရပ်ရှိ၏။ လူသားမူကား၊ ခေါင်းချစရာအရပ် မရှိဟု မိန့်တော်မူပါသည်။ အခြားသောသူတစ်ယောက်အား၊ ငါ့နောက်သို့လိုက်လော့ဟု ဆိုလျှင် ထိုသူက အကျွန်ုပ်အဘကို ရှေးဦးစွာ သွား၍ သင်္ဂြိုလ်ရသောအခွင့်ကို ပေးပါဟု လျှောက်လျှင်၊ သခင်ယေရှုက လူသေတို့သည် မိမိလူသေတို့ကို သင်္ဂြိုလ်ပါစေ ဟု မိန့်တော်မူပါသည်။ နောက်ဆုံး တစ်ယောက်က၊ ကိုယ်တော်နောက်သို့ အကျွန်ုပ်လိုက်ပါမည်။ သို့ပါသော်လည်း၊ အကျွန်ုပ်အိမ်၌ ရှိရစ်သောသူတို့ကို အရင်သွား၍ ခွင့်ပန်ပါရစေဟု ဆိုလျှင် ယေရှုက ထွန်ကိုင်းကိုကိုင်၍ နောက်သို့ လှည့်ကြည့်သောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်နှင့် မထိုက်မတန်ဟု မိန့်တော်မူပါသည်။ ထိုသူသုံးယောက် စလုံးတစ်ဦးကမျှ ခရစ်တော်၏တပည့်တော်ဖြစ်မလာပါ။ ခရစ်တော်၏ တပည့်တော်ဖြစ်ဖို့ရန် မည်သည့်အရာ လိုအပ်ပါသနည်း?။ ခရစ်တော်ကို ***သခင်***နေရာ၌ ထား၍ တပည့်တစ်ယောက်အနေနှင့် အခက်အခဲပြဿနာများကို ရင်ဆိုင်ရဲ၊ ရပ်တည်ရဲရမည်။ တတိယလူမူကား၊ မိမိနေအိမ်မှ လူများကို သွား၍ ခွင့်ပန်ဖို့ လျှောက်ပါသည်။ အိမ်မှ လူများက ခွင့် မပြုခဲ့ပါလျှင်၊ မလိုက်နိုင်သည့်သဘောဖြစ်ပါသည်။ ထိုသူက ခရစ်တော်၏ နောက်သို့ လိုက်ဖို့ရန် တိကျပြတ်သားသော ကိုယ်ပိုင်ဆုံးဖြတ်ချက် မရှိဖြစ်နေပါသည်။ သို့ဖြစ်၍၊ တပည့်တော်ဖြစ်မလာခြင်း ဖြစ်သည်။ တိယလူမူကား၊ ခရစ်တော်နောက်လိုက်ဖို့ ခေါ်ဖိတ်အခွင့်ထူးရသော်လည်း၊ အဘကို ရှေးဦးစွာ သင်္ဂြိုလ်ရသောအခွင့်ကို ပေးဖို့ လျှောက်ဆိုပါသည်။ လောက၌ မိခင်ဖခင်တို့သည် တန်ဖိုးထားသင့်သောသူများ ဖြစ်ကြသည်။ သို့သော်၊ ခရစ်တော်၏နောက်တော်သို့ တပည့်တော်တစ်ဦးအနေနှင့် လိုက်ရမည်ဆိုပါလျှင်၊ ခရစ်တော်ကို ***ပထမနေရာ*** ပေးဖို့ ဦးထိပ်ထားတတ်သောသူဖြစ်ဖို့ လိုပါသည်။ ကျွန်ုပ်တို့သည် ထိုသို့ ခရစ်တော်၏တပည့်ဖြစ်မည့်အပြင်၊ တပည့်မှန် ဖြစ်ဖို့လည်း လိုအပ်သည်။

***"ယေရှုက၊ သင်တို့သည် ငါ၏ ဒေသနာ၌ တည်လျှင် ငါ့တပည့်မှန် ဖြစ်ကြ၏"***

***(ယော၊ ၈း၃၁)။***

ကျွန်ုပ်တို့သည် ခရစ်တော်၏တပည့်မှန်ဖြစ်ကြဖို့ရန် ခရစ်တော်၏ဒေသနာ၌ တည်နေဖို့ လိုပါသည်။ ခရစ်တော်၏ ဒေသနာ၌ တည်ခြင်းဟူသည် အဘယ်နည်း?။ နှုတ်ကပတ်တော်ကို ကြားသည့်အတိုင်း နာခံခြင်း၊ ဝန်ခံခြင်းပင် ဖြစ်သည်။ မနာခံဘဲနေပါက ဘုရားသခင်၏သား (ဒါမှမဟုတ်) တပည့် ဖြစ်နေပါသော်လည်း၊ တပည့်မှန် မဖြစ်နိုင်ပေ။ တပည့် မှန်သူတစ်ဦးသည် အသက်တာ၌ အမှားတစ်ခုကို ပြုမိလျှင်၊ ဝိညာဉ်တော်က သတိပေး ဖော်ပြသည်နှင့် ချက်ခြင်း ဝန်ခံနိုင်သူ ဖြစ်သည်။ နှုတ်ကပတ်တော်ကြားသည့်အတိုင်း ဝန်ချတောင်းပန်စရာ ရှိလျှင်လည်း ဝန်ချတောင်းပန်ပြီး၊ သူငယ်ကဲ့သို့ နှိမ့်ချစွာ ခံယူအသက်နေပါသည်။ သို့ဖြစ်၍ ဝိညာဉ်အလင်းကိုရကာ၊ မင်္ဂလာရှိသော တပည့်မှန်အသက်တာ၌ ဆက်လျှောက်လှမ်းလာနိုင်ပါသည်။ နှုတ်ကပတ်တော်ကို ကြားသည့်အခါ၊ မိမိက လူသားပဲမှားတတ်တာပေါ့ဟု ဆင်ခြေပေးပြီး မိမိကိုယ်ကို ကာကွယ်နေမည် ဆိုပါက၊ တပည့်မှန် မဖြစ်နိုင်ချေ။ ထိုကြောင့်၊ ကျွန်ုပ်တို့သည် ကြားခဲ့ရသည့် နှုတ်ကပတ်တော်ကို သူငယ်ကဲ့သို့ ခံယူလျှက် ယုံကြည်သူအချင်းချင်း အပြစ်လွှတ်ကြခြင်းအားဖြင့်၊ သခင်ယေရှု၏***တပည့်တော်မှန်*** အဖြစ်၌ ဆက်ပြီး လျှောက်လှမ်းကြရန် မေတ္တာနှင့် ဝေငှလိုက်ပါသည်။

နာမတော်မြတ်၌

ညီအစ်ကိုဦးကာပ်ခန့်ခုပ်

**တစ်ဦးနှင့်တစ်ဦး ချည်နှောင်ပြီးနေကြသည်ထက် အပြန်အလှန် အပြစ်များကို လွှတ်၍ အသက်ရှင်ကြခြင်းသည် ခမည်းတော် ဘုရားသခင့် ရှေ့တော်၌ မွေးကြိုင်သောယဇ် ဖြစ်ပါသည်။**

### သက်သေခံချက်

ဆုတောင်းသံကို နားညောင်းပြီး အဖြေပေးတဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းရင်း သက်သေခံပါတယ်။ ကျွန်မ အကြွေးဆပ်ဖို့နဲ့ မီတာခပေးဆောင်ဖို့ ငွေတစ်သိန်းခွဲ လိုအပ်ခဲ့ပါတယ်။ အကြွေးများအချိန်မီ ဆပ်နိုင်ဖို့ အများရှေ့မှာ မျက်နှာမငယ်ရဖို့ လိုအပ်တဲ့ငွေရဖို့ ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းပြီး နှစ်ရက်အတွင်းမှာ အဆက်အသွယ် ပျက်နေတာကြာပြီဖြစ်တဲ့ လူထံက ငွေတစ်သိန်း ပို့ပေးတာ ရရှိသလို ကျွန်မအစ်မဆီက မတောင်းရဘဲနဲ့ ငွေငါးသောင်းရရှိခဲ့ပါတယ်။ ဆုတောင်းသံကို နားညောင်းပြီး လိုအပ်မှုတွေကို အချိန်မီ မစတဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းရင်း သက်သေခံပါတယ်။

မမော်

### သက်သေခံချက်

ဦးစွာ ဘုရားရှင်၏ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မရဲ့ခါးအောက်ပိုင်း ဘယ်ဘက်တစ်ခြမ်းလုံး အရမ်းကိုက်ခဲပြီး နေရခက်ခဲ့ပါတယ်။ ကျွန်မ နာကျင်မှုတော်တော်လေးခံစားလာရတဲ့အတွက် (OG)နဲ့ ပြဖို့ တိုက်တွန်းကြပါတယ်။ ကျွန်မ ဆရာဝန်နဲ့ လုံးဝမပြခဲ့ပါ။ ဆေးလည်း လုံးဝမသောက်ခဲ့ပါ။ အနာရောဂါကို ပေးပျောက်စေနိုင်တဲ့ ဘုရားရှင်ကို ယုံကြည်ခြင်းနဲ့ ဘုရားကျောင်းမှာ ရှေ့ထွက်ပြီး ဆီလူးဆုတောင်းခံခဲ့ပါတယ်။ဘုရားရှင်ဟာ အံ့ဩဘွယ် ကျွန်မရဲ့ဝေဒနာကို ချက်ချင်း ပေးပျောက်ခဲ့ပါတယ်။ ယုံကြည်ခြင်းနဲ့ဆုတောင်းသံကို နားညောင်းပြီး အဖြေပေးတဲ့ ဘုရားရှင်ကို ချီးမွမ်းရင်း သက်သေခံပါတယ်။

*အယ်နီ*

# သာ၍မြင့်သော ဘုရားသခင်၏အကြံအစည်တော်

**ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားသော ဘုရားသခင်၏အကြံအစည်တော်သည် အကောင်းဆုံးဖြစ်ပါသောကြောင့် ဘုရားသခင်၏အကြံအစည်တော်ထဲတွင် အသက်ရှင်ရန် လိုအပ်ကြောင်းကို ယုံကြည်သူများ သတိပြုသင့်ပါသည်။**

ယုံကြည်သူများ၏ အသက်တာသည် ကယ်တင်ခြင်းသို့ ရောက်သော အချိန်မှစ၍ ဘုရားသခင်၏ အကြံအစည်တော်ထဲတွင် ပါဝင်ခွင့်ရရှိကြောင်းကို (ဆာလံ၊ ၁၃၉း၁၆-၁၈) တွင် တွေ့နိုင်ပါသည်။ ဘုရားသခင်၏ အကြံအစည်တော်သည် အလွန်ထူးဆန်း၍ များပြားကြောင်း ရေတွက်လျှင် သဲလုံးနှင့်အမျှများပြားကြောင်းကိုလည်း တွေ့ရပါသည်။ ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားသော ဘုရားသခင်၏ အကြံအစည်တော်သည် အကောင်းဆုံးဖြစ်ပါသောကြောင့် ဘုရားသခင်၏အကြံအစည်တော်ထဲတွင် အသက်ရှင်ရန် လိုအပ်ကြောင်းကို ယုံကြည်သူများ သတိပြုသင့်ပါသည်။ ဘုရားသခင်၏ အကြံအစည်တော်သည် ကျွန်ုပ်တို့၏အကြံအစည်ထက် သာလွန်၍ ကောင်းကြောင်း၊သာ၍မြင့်ကြောင်းကိုလည်း (ဟေရှာယ၊ ၅၅း၈-၉) တွင် တွေ့ရပါသည်။ ထို့ကြောင့် ထိုကျမ်းပိုဒ်နှစ်ပိုဒ်အားဖြင့် အလွန်ထူးဆန်း၍ များပြားသည့် ဘုရားသခင်၏ အကြံအစည်တော်နှင့် သာ၍မြင့်သော ဘုရားသခင်၏ အကြံအစည်တော်နှင့်ပတ်သက်၍ ခွန်အားပေးလိုပါသည်။

(ဆာလံ ၁၃၉း၁၆-၁၈) တွင် ဖော်ပြထားသည့် အလွန် ထူးဆန်းများပြားသည့် ဘုရားသခင်၏အကြံအစည်တော်အတိုင်းအဘယ့်ကြောင့် အသက်ရှင်ရန် လိုအပ်ကြောင်းကို (ဆာလံ၊ ၁၃၉း၁-၁၂) တွင် တွေ့ရပါသည်။ ယုံကြည်သူများ၏ အသက်တာသည် ကယ်တင်ခြင်းသို့ ရောက်ပြီးသည့်နောက်တွင် ရွေးချယ်ရမည့် အရာနှစ်ခု ရှိပါသည်။ ကျွန်ုပ်တို့၏ အသက်တာသည် ဘုရားသခင်၏အကြံအစည်ထဲတွင် ပါဝင်၍ အသက်ရှင်ခြင်း (သို့မဟုတ်) မိမိ၏အကြံအစည်အတိုင်း ဆက်၍အသက်ရှင်ခြင်းထဲမှ တစ်ခုခုကို ရွေးချယ်ရမည် ဖြစ်ပါသည်။ လူ၏အကြံအစည်နှင့် လူ၏ အသက်တာသည် ခိုင်မာမှုနှင့် အာမခံချက် မရှိကြောင်းကို ပထမ သတိပေးလိုပါသည်။ မိမိ၏အကြံအစည်၊ မိမိ၏အစီအစဉ်ဖြင့် အသက်ရှင်လျှင် အာမခံချက် မရှိနိုင်ကြောင်းကို ကျမ်းပိုဒ် နှစ်ပိုဒ်အားဖြင့် သတိပေးလိုပါသည်။ (ယာကုပ်၊ ၄း၁၃-၁၅) တွင်

***"နက်ဖြန်နေ့၌ အဘယ်သို့ ဖြစ်မည်ကို သင်တို့မသိကြ၊ သင်တို့အသက်သည် အဘယ်သို့သောအရာဖြစ်သနည်း၊ ခဏထင်ရှားပြီးမှ ကွယ်ပျောက်တတ်သော အခိုးအငွေ့ဖြစ်၏၊"***

လူသားများ၏အသက်တာသည် အခိုးအငွေ့ကဲ့သို့ဖြစ်ပြီး မရေရာ မသေချာခြင်းရှိသကဲ့သို့ မနက်ဖြန်နေ့တွင် မည်ကဲ့သို့ဖြစ်မည်ကို ကျွန်ုပ်တို့ ကိုယ်တိုင် မသိနိုင်ပါ။ မနက်ဖြန်တွင် ကျွန်ုပ်တို့ အသက်ရှင်နေဦးမည်လော။ မနက်ဖြန်တွင် မည်သည့်အမှုအရာများနှင့် တွေ့ရမည်နည်း။ ကြိုတင်၍ မည်သည့်လူသားမျှမသိနိုင်ပါ။ ထို့ကြောင့် လူသားတို့၏ အသက်တာ (သင်နှင့် ကျွန်ုပ်တို့၏အသက်တာ) သည်မရေရာသကဲ့သို့ အကြံအစည် အတွေးအခေါ် အယူအဆများလည်း အာမခံချက် မရှိပါ။ (သုတ္တံ ၁၆း၂၅) တွင်

***"လူ ထင်သည့်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း အဆုံး၌သေခြင်းသို့ပို့သောလမ်း တစ်မျိုးရှိ၏၊"***

လူသည် မိမိ၏ကိုယ်ပိုင် အတွေးအခေါ် အကြံအစည်အားဖြင့် မှန်သည်ဟူ၍ ယူဆထင်မြင်ရသော လက္ခဏာများကို အခြေခံ၍အသက်ရှင်တတ်ပါသည်။ သို့သော် အဆုံး၌ သေခြင်းဖြင့် အဆုံးသတ်တတ်သည်ကို နှုတ်ကပတ်တော်က သတိပေးထားပါသည်။ သေခြင်းဆိုသည်မှာ ဆုံးရှုံးခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိမိ၏အကြံအစည်နှင့် အသက်တာသည် ဆုံးရှုံးခြင်း၌သာ အဆုံးသတ်နိုင်သည်ကို အထူးပင် သတိပြုပါ။ နောက်ထပ် သတိပြုစရာတစ်ခုကိုလည်း တင်ပြလိုပါသည်။ မိမိ၏အသက်တာကို မိမိ၏အကြံအစည်ဖြင့် စိတ်ကြိုက် အသက်ရှင်လိုသောသူများကို မေးလိုပါသည်။ အကြောင်းကို မည်မျှသိပါသနည်း။ ဤမေးခွန်း၏အဖြေကို သေသေချာချာ စဉ်းစားပြီးမှ ဖြေပါဟူ၍ သတိပေးလိုပါသည်။ မိမိ၏အကြောင်းကို မိမိသာလျှင်အသိဆုံးဟူ၍ ဖြေမည်ဟု ထင်ပါသည်။ ထိုသို့ဆိုလျှင် သင်၏ဆံပင်ဘယ်နှစ်ချောင်းရှိသည်ကို သင်သိပါသလား ဟူ၍မေးလိုပါသည်။ သင်၌ ဆံပင်ဘယ်နှစ်ချောင်း ရှိသည်ကိုပင် မသိနိုင်လျှင် သင်သည် သင်၏အကြောင်း သင်သာလျှင် သိသည်ဟူသော ခံယူချက်မှာ မှားသည်မှန်သည်ကို စဉ်းစားဝေဖန်ပါ ဟူ၍သာ ပြောဆိုလိုပါသည်။ သင်၌ ဆံပင်ဘယ် နှစ်ချောင်းရှိသည်ကို ဘုရားရှင်သိရုံမျှမက ရေတွက်ထားပြီးဖြစ်ကြောင်းကို (မဿဲ၁၀း၃၀)တွင် ဤသို့ ဖော်ပြထားပါသည်။

***"သင်တို့ဆံပင်သည်လည်း အကုန်အစင်ရေတွက် လျက်ရှိ၏၊"***

သင်၏ဆံပင်များကို ဘုရားသခင် အကုန်အစင် ရေတွက်ပြီးဖြစ်ကြောင်းကို တွေ့ရပါသည်။ ဘုရားသခင်သည် သင်၏အကြောင်းကို သိရုံမျှမက၊ သင်၏ဆံပင်များပင် ဂရုတစိုက် ရေတွက်ထားပါသည်။ ဘုရားသခင်သည် သင့်ကို အလွန်ချစ်သောကြောင့် ဂရုတစိုက်ဖြင့် သင်၏ဆံပင်ကိုပင် ရေတွက်ထား ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် သင်၏အသက်တာကို သင့်ထက် ပို၍ သိသောသူ၊ ဂရုစိုက်သောသူမှာ ဘုရားသခင်သာလျှင် ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားသခင်က သာလျှင် အသိဆုံးဖြစ်သည် ဟူ၍ သတိပေးလိုပါသည်။ ထိုသို့ဆိုလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာကို မည်သည့်အတိုင်းအတာထိ သိရှိနိုင်ပါသနည်း။

***"အိုထာဝရဘုရား ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ကြော ၍သိတော်မူ၏၊ အကျွန်ုပ်***

***ထိုင်ခြင်း၊ ထခြင်းအရာတို့ကို သိတော်မူ၏၊ အကျွန်ုပ်အကြံ အစည်တို့ကို အဝေးကပင်နားလည်တော်မူ၏၊ အကျွန်ုပ်သွားသောလမ်းကိုင်း၊ အိပ်ရာကိုင်း၊ စစ်ဆေး၍ အကျွန်ုပ်ကျင့်သောအကျင့်အလုံးစုံတို့ကို ကျွမ်းတော်မူ၏၊ အကျွန်ုပ်သည် စကားတစ်ခွန်းကိုမျှ မမြွက်သော်လည်း အိုထာဝရဘုရား ကိုယ်တော်သည် အကြွင်းမဲ့သိတော်မူ၏။"***

***(ဆာလံ ၁၃၉း၁-၄)***

ကျွန်ုပ်တို့၏ အကြောင်းကို ဘုရားသခင် ဤမျှလောက် သိပါသည်ဟူ၍ ဆိုချင်ပါသည်။ ကျမ်းပိုဒ်ကို သေချာစွာ ဆင်ခြင်၍ စိတ်နှလုံးအကြွင်းမဲ့ဖတ်ရှုလျှင် ကျွန်ုပ်တို့၏အကြံအစည်ကို အဝေးကပင် နားလည်တော်မူ၏။ ကျွန်ုပ်တို့၏အကျင့်အလုံးစုံတို့ကို သိကျွမ်းတော်မူ၏။ ကိုယ်တော်သည် အကြွင်းမဲ့သိတော်မူ၏ဟူသော ဖော်ပြချက်များကို ခံစားရပါလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကိုယ်တိုင်မသိနိုင်သည့် ကျွန်ုပ်တို့၏အကြောင်းအားလုံးကို သိသောသူ၊ ဂရုစိုက်သောသူ၊ ချစ်သောသူမှာ ဘုရားသခင်သာလျှင် ဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်ရုံ၊ ဂရုစိုက်ရုံသာမက ကျွန်ုပ်တို့၏အသက်တာကို မစလမ်းပြပို့ဆောင်လိုကြောင်းကိုလည်း တွေ့ရပါသည်။ ကိုယ်တော်သည် အကျွန်ုပ်ကို ပတ်လည်ဝိုင်းထား၍ အကျွန်ုပ်အပေါ်မှာ လက်တော်ကို တင်တော်မူပြီ။ (ဆာ၊ ၁၃၉း၅-၆) ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာကို မစလမ်းပြပို့ဆောင်လိုသောကြောင့် ပတ်လည်ဝိုင်းထား၍ လက်တော်ကို ကျွန်ုပ်တို့၏အပေါ်တွင် တင်ထားခြင်းဖြစ်ပါသည်။ ဘုရားသခင်၏လက်တော်သည် မစသကဲ့သို့ မှားယွင်းသည့်အခါတွင်လည်း ဆုံးမခြင်းကို ပြုမည်ဖြစ်ကြောင်းကို သတိပြုပါ။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့၏အသက်တာကို ဘုရားသခင်မည်ကဲ့သို့ မစလမ်းပြပို့ဆောင်မည်နည်း။

**ကျွန်ုပ်တို့ကိုယ်တိုင် မသိနိုင်သည့် ကျွန်ုပ်တို့၏ အကြောင်းအားလုံးကို သိသောသူ၊ ဂရုစိုက်သောသူ၊ ချစ်သောသူမှာ ဘုရားသခင်သာလျှင်ဖြစ်ပါသည်။**

***"မစုံလင်သေးသော ကျွန်ုပ်တို့၏ အလုံးအထွေးကိုလည်း ကိုယ်တော်သည် ကြည့်ရှု၍ မြင်တော်မူပြီ၊ ထိုအရာတို့ကို ပြုပြင်၍ တစုံတခုမျှ မရှိမီကာလတွင် ကိုယ်တော်၏စာရင်း၌ အကုန်အစင် မှတ်သားလျက် ရှိကြပါ၏။ အို ဘုရားသခင်၊ အကျွန်ုပ်၌ ကိုယ်တော်၏ အကြံအစည်တို့သည် အလွန်ထူးဆန်းကြပါ၏၊ အလွန်များပြားကြပါ၏။ ထိုအကြံအစည်တော်တို့ကို ရေတွက်လျှင် သဲလုံးနှင့်အမျှမက သာ၍များပြားကြပါ၏။ အကျွန်ုပ်သည် နိုးသောအခါ ကိုယ်တော်ထံ၌ အစဉ်ရှိပါ၏။***

***(ဆာ၊၁၃၉း၁၆-၁၈)***

ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာကို မစပို့ဆောင်ရန် ကျွန်ုပ်တို့၏အသက်တာနှင့် ပတ်သက်သည့် အချက်အလက်များကို ကိုယ်တော်၏စာရင်းထဲတွင် အကုန်အစင် မှတ်သားထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ မှတ်သားထားပြီးလျှင် ကိုယ်တော်သည် အလွန်ထူးဆန်းသည့် အစီအစဉ်ဖြင့် ကျွန်ုပ်တို့၏အသက်တာကို လမ်းပြပို့ဆောင်ရန် ရေတွက်၍ မရနိုင်သော သဲလုံးနှင့်အမျှမက များပြားသောအကြံအစည်များကို ပြင်ဆင်ထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင်၏အကြံအစည်တော်ထဲတွင် အသက်ရှင်မည်ဆိုလျှင် ဘုရားသခင်၏မစမှုကို အလွန်ထူးဆန်းစွာ ခံစားရပြီး များပြား၍ ရေတွက်၍မရသော အစီအစဉ်များ ပါဝင်သောကြောင့် မဖြစ်နိုင်သည့်အရာ၊ ဆုံးရှုံးမှုများ လုံးဝမရှိဘဲ အောင်မြင်ခြင်းကို မုချရရှိမည်ဖြစ်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် မိမိ၏ အကြံအစည်နှင့် အစီအစဉ်ထက် ပို၍ကောင်းသော ဘုရားသခင်၏ အကြံအစည်တော်ထဲတွင် အသက်ရှင်ရသည်မှာ အကောင်းဆုံးဖြစ်သည်ကို သိသော ဆာလံဆရာက သူ၏အသက်တာကို ဘုရားသခင်၏ အကြံအစည်တော် အတိုင်းအသက်ရှင်နိုင်ရန် ဆက်ကပ်အပ်နှံခဲ့ပါသည်။ ဆာလံဆရာသည် ဤအကြောင်းအရာများကို ရေးသားဖော်ပြရုံမျှမက သူ၏အသက်တာကို လက်တွေ့ ဘုရားသခင်အား ဆက်ကပ်ခဲ့ကြောင်းကို တွေ့ရပါသည်။

**ခရစ်ယာန်အသက်တာသည် နှုတ်ကပတ်တော်ကို ဝေငှခြင်း၊ နှုတ်ကပတ်တော်ထဲမှ ခွန်အားယူခြင်းကိုသာ ပြုလုပ်ရသည့်အသက်တာ မဟုတ်ပါ။**

***"အိုဘုရားသခင်အကျွန်ုပ်ကိုစစ်ကြော၍၊အကျွန်ုပ်၏နှလုံးသားကို သိမှတ်တော်မူပါ၊ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ၊ ဆိုးသောလမ်းသို့ လိုက်သည်မလိုက်သည်ကိုကြည့်ရှု၍ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ။"***

***(ဆာ၊ ၁၃၉း၂၃-၂၄)***

ဆာလံဆရာက ဘုရားရှင်၏အကြံအစည်တော်သည် သူ့အတွက် အကောင်းဆုံးဖြစ်ပြီး လက်တွေ့အကျဆုံးဖြစ်သောကြောင့် လက်တွေ့ အသက်ရှင် လိုက်လျှောက်ရန် ဆက်ကပ်ခြင်းဖြင့် ရွေးချယ်လိုက်ကြောင်းကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ ခရစ်ယာန်အသက်တာသည် နှုတ်ကပတ်တော်ကို ဝေငှခြင်း၊ နှုတ်ကပတ်တော်ထဲမှ ခွန်အားယူခြင်းကိုသာ ပြုလုပ်ရသည့်အသက်တာ မဟုတ်ပါ။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းအကြောင်းကို သိရှိပြီးလျှင် သင်၏အသက်တာတွင် လက်တွေ့ခံစားနိုင်ရန် ဆက်ကပ်လျှက် လက်တွေ့အသက်ရှင်ရန် လိုအပ်ပါသည်။ ထိုသို့ဆိုလျှင် ခရစ်ယာန်အသက်တာသည် လက်တွေ့ကျပါသလား။ သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသည့်အကြောင်းအရာများသည် ကျွန်ုပ်တို့၏ အသက်တာတွင် လက်တွေ့ခံစားခွင့်ရှိပါသလား။ ရှိပါသည်ဟူ၍ ရဲရဲဝံ့ဝံ့ ပြောဆိုလိုပါသည်။ ထိုသို့ဆိုလျှင် မည်ကဲ့သို့ ရှိနိုင်မည်နည်း။ လက်တွေ့ခံစားနိုင်ရန် ဆာလံဆရာကဲ့သို့ အသက်တာကို ဆက်ကပ်ရန် လိုအပ်ပါသည်။ ဆာလံဆရာသည် သူ၏အသက်တာကို အဘယ့်ကြောင့် ဆက်ကပ်ရပါသနည်း။ ဘုရားသခင်၏အကြံအစည်က သူ့အတွက် အကောင်းဆုံးဖြစ်ကြောင်းကို ယုံကြည်စိတ်ချသောကြောင့် ဆက်ကပ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏အကြံအစည်တော်သည် မည်မျှကောင်းသနည်း။ မည်ကဲ့သို့ ယုံကြည်စိတ်ချနိုင်မည်နည်း။ ဤအကြောင်းအရာကို (ဟေရှာယ၊ ၅၅း၈-၉)အားဖြင့် ဆက်လက်၍ ဝေငှလိုပါသည်။

***"ထာဝရဘုရားမိန့်တော်မူသည်ကား ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ၊ မိုး***

***ကောင်းကင်သည် မြေကြီးထက် သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏ အကျင့်ထက်ငှင်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ငှင်း၊ သာ၍မြင့်၏၊"***

***(ဟေရှာ၊၅၅း၈-၉)***

ဤကျမ်းပိုဒ်ထဲတွင် ဘုရားသခင်၏အကျင့်နှင့် အကြံအစည်တို့သည် အမြင့်ဆုံး (မိုးကောင်းကင်သည် မြေကြီးထက်မြင့်သကဲ့သို့)ဖြစ်ကြောင်းကို တွေ့ရပါသည်။ (ဆာလံ၊ ၁၃၉း)ကို ရေးသားခဲ့သူ ဆာလံဆရာက အမြင့်ဆုံးဖြစ်သော ဘုရားသခင်၏အကြံအစည်တော်ကို တွေ့မြင်ခဲ့သည့်အတွက် သူ၏အသက်တာကို ဘုရားသခင်ထံတော်တွင် ဆက်ကပ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏အကြံအစည်တော်အတိုင်း အသက်ရှင်ရန် ဆက်ကပ်သောသူတို့၏အသက်တာမှာ အကောင်းဆုံးနှင့် အမြင့်ဆုံးသို့ ရောက်ရှိမည်ဟု ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဟုတ်ပါသည်။ မှန်ပါသည်။ သို့သော် ဆာလံဆရာသည် ကျမ်းစာထဲတွင် ပါဝင်သောပုဂ္ဂိုလ်ဖြစ်ပါသည်။ ယခု လက်ရှိ အပြင်လောကတွင် ထိုကတိတော်သည် ဖြစ်နိုင်ပါသလား။ လက်တွေ့ကျပါသလား။

(ဟေရှာယ၊ ၅၅း၈-၉) ကို ယောသပ်၏အသက်တာနှင့်တွဲဖက်၍ လွန်ခဲ့သည့် (၃)နှစ်ခန့်က ကျွန်ုပ်တို့၏မေတ္တာရှင်ခွင် လူငယ်သာသနာလုပ်ငန်း Charity Youth Ministry မှချောင်းသာတွင် ပြုလုပ်သည့်လူငယ်နွေရာသီသင်တန်းတွင် လူငယ်များကို သင်ကြားပေးခဲ့ပါသည်။ လူငယ်များ၏အသက်တာတွင် ဘုရားသခင်၏အကြံအစည်တော်နှင့်အညီ အသက်ရှင်မှသာ အကောင်းဆုံး အမြင့်ဆုံးသို့ ရောက်ရှိနိုင်မည်ကို သင်ကြားခွန်အားပေးတိုက်တွန်းခဲ့သည်။ သို့သော် သမ္မာကျမ်းစာထဲတွင် ပါဝင်သည့် ယောသပ်၏အသက်တာအားဖြင့်သာ သက်သေပြနိုင်ခဲ့ပြီး သင်ကြားသူ ကျွန်ုပ်၏အသက်တာတွင် လက်တွေ့ သက်သေပြစရာ မရှိပါ။ သုံးနှစ်ခန့် ကြာမြင့်ခဲ့ပါသည်။ လူငယ်များကို သင်ကြားရန် ပြင်ဆင်ရင်း ကျွန်ုပ်သည် ဘုရားသခင်၏ အကြံအစည်တော်အတိုင်း အသက်ရှင်နိုင်ရန် ဆက်ကပ်အပ်နှံခဲ့ပါသည်။

**ဆာလံဆရာက အမြင့်ဆုံးဖြစ်သောဘုရားသခင်၏ အကြံအစည်တော်ကို တွေ့မြင်ခဲ့သည့်အတွက် သူ၏အသက်တာကို ဘုရားသခင်ထံတော်တွင် ဆက်ကပ်ခဲ့ခြင်း ဖြစ်ပါသည်။**

ထိုကဲ့သို့ ဆက်ကပ်အပ်နှံပြီးသည့်အခါ ကျွန်ုပ်သည် ကိုယ်ပိုင်အစီအစဉ်၊ အကြံအစည်နှင့် လုပ်ဆောင်မှုများကို လုံးဝစွန့်လွှတ်ခဲ့ပြီး အရာခပ်သိမ်း ဘုရားသခင်၏ လက်တော်ထဲတွင်သာ ဆက်ကပ်အပ်နှံထားခဲ့ပါသည်။ ဘုရားသခင်၏အကြံအစည်က သာ၍ မြင့်ကြောင်းကို သက်သေပြရန် သုံးနှစ်ခန့် ကြာမြင့်ခဲ့ပါသည်။ ကျွန်ုပ်၏ အသက်တာတွင် ဘုရားသခင်ကို ဆက်ကပ်ပြီးနောက် အထူးပင် သတိထား၍ ကိုယ်ပိုင်ဆန္ဒနှင့် ပြောဆိုလုပ်ဆောင်မှုများကို ရှောင်ရှားခဲ့ပါသည်။ ကျွန်ုပ်၏ဆန္ဒဖြင့် မည်သည့်အရာကိုမျှ မပြုလုပ်တော့ပါ။ အချို့သောရင်းနှီးသည့် ညီအစ်ကိုများကပင်လျှင် ကျွန်ုပ်ကို တစ်ခုခုလုပ်ရန်၊ လုပ်ငန်းတစ်ခုခုကို ဦးဆောင်ရန် အချိန်ကျပြီဟု ထင်ကြောင်း ပြောဆိုသတိပေးလာပါသည်။ သို့သော် ဘုရားသခင်ကို ဆက်ကပ်ထားသည့်အတွက် ကျွန်ုပ်၏ဆန္ဒဖြင့် ဘာမျှမပြုလုပ်ခဲ့ပါ။ ယုံကြည်သူများကို ခွန်အားပေးလိုသည်မှာ ဘုရားသခင်အား ဆက်ကပ်ထားပြီးလျှင် ဘုရားသခင်ပြုလုပ်ပေးမည့်အရာကို မျှော်လင့်ရင်း ဘုရားသခင်၏အချိန်ကို စောင့်ပါ။ မိမိ၏ဆန္ဒဖြင့် မည်သည့်အရာကိုမျှ မပြုလုပ်ရန် အရေးကြီးပါသည်။ ကျွန်ုပ်၏အသက်တာတွင် ကျွန်ုပ်၏ဆန္ဒဖြင့် ပြုလုပ်ခဲ့သည့်အရာ တစ်ခုမျှ မရှိခဲ့ပါ။ ကျွန်ုပ်လုပ်ခဲ့သမျှ အရာအားလုံးသည် ဘုရားသခင်၏အလိုတော်ရှိ၍သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည့်အကြောင်း သက်သေများရှိခဲ့ပြီ ဖြစ်ပါသည်။ ကျွန်ုပ်သည် ဘုရားသခင်ခိုင်းခဲ့သောကြောင့် စာပေလုပ်ငန်းထဲတွင် ပါဝင်ခွင့်ရရှိခဲ့ပြီး ထိုအခွင့်များပြီးဆုံးချိန် ရောက်ခဲ့ပါသည်။ သင်တန်းကျောင်းတစ်ခုကို ဦးဆောင် ဖွင့်လှစ်သင်ကြားခွင့် ရရှိခဲ့ပြီး ထိုလုပ်ငန်းလည်း ပြီးဆုံးသွားခဲ့ပါသည်။ စာပေလုပ်ငန်းကြီးတစ်ခုကို ဦးဆောင်ပေးရန် ညီအစ်ကိုတစ်ယောက်အားဖြင့် ကမ်းလှမ်းခြင်းခံရသော်လည်း ပါဝင်ခွင့်မရခဲ့ပါ။

**ဘုရားသခင်အား ဆက်ကပ်ထားပြီးလျှင် ဘုရားသခင်ပြုပေးမည့်အရာကို မျှော်လင့်ရင်း ဘုရားသခင်၏အချိန်ကို စောင့်ပါ။**

ထိုကဲ့သို့သော အတွေ့အကြုံနှင့် အခြေအနေများကို ရင်ဆိုင်ရင်း သာမန်အသက်တာအားဖြင့်သာ အသက်ရှင်ခဲ့ပါသည်။ ဘုရားသခင်အား ဆက်ကပ်ထားသည့်အတွက် ထိုအတွေ့အကြုံများကို မည်သို့မျှ မတုန့်ပြန်ဘဲ ဘုရားသခင်၏အကြံအစည်တော်ထဲမှ ထွက်၍ မသွားမိစေရန်ကိုသာ အာရုံပြုခဲ့ပါသည်။ ကိုယ်ရေးကိုယ်တာ အခက်အခဲများကိုလည်း ရင်ဆိုင်ခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်၏အကြံအစည်ထဲတွင် အသက်ရှင်ရသည့်အတွက် ဘုရားသခင်အားလုံးကို ဖြေရှင်းပေးခဲ့ပါသည်။ ထိုကဲ့သို့ ဖော်ပြခဲ့သည့်အတွက် ကျွန်ုပ်သည် မည်သည့်ခံစားမှုမျှ မရှိဘဲ ကျော်ဖြတ်ခဲ့သည်ဟူ၍ ဆိုလိုခြင်း မဟုတ်ပါ။ အကျွန်ုပ်သည် လူတစ်ယောက် (ဇာတိအသွေးအသားရှိသူတစ်ဦး) ဖြစ်ပါသဖြင့် အတွေ့အကြုံများနှင့် ပက်သက်၍ ခံစားမှုများရှိခဲ့ပါသည်။ သို့သော် ဘုရားသခင်၏အကြံအစည်တော်အတိုင်း အသက်ရှင်ရန် ဆက်ကပ်မှုအားဖြင့် ခံစားမှုများကို ကျေးဇူးတော်ကြောင့် ကျော်လွှားနိုင်ခဲ့ရခြင်းဖြစ်ပါသည်။ ၂၀၀၇ခုနှစ် ဩဂုတ်လတွင် Bankok တပည့်တော်ဖြစ်သင်တန်းတွင် တစ်လခန့် ပါဝင်ရန် ဘုရားသခင် စေခိုင်းခဲ့သည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ Bankok ဧဝံဂေလိတရား ဟောပြောပွဲတွင် ဘုရားသခင် စေခိုင်းသဖြင့် ပါဝင်ခွင့်ရရှိခဲ့ပါသည်။ ကျွန်ုပ်၏ ပထမဆုံး ပြည်ပခရီးစဉ် ဖြစ်ပါသည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာလမှစ၍ ယခင်မိဘများနှင့် အတူ နေထိုင်ရာမှ မိမိ၏မိသားစု သီးသန့်နေထိုင်ရန် ဘုရားသခင်ပြင်ဆင်ပေးခဲ့ပါသည်။ ၂၀၀၈ခုနှစ် နှစ်စတွင် ဘုရားသခင်အား သူ၏သာ၍ မြင့်သော အကြံအစည်အတိုင်း မိသားစုအား ငွေကြေးအားဖြင့် ထောက်ပံ့နိုင်ခွင့်နှင့် ယုံကြည်သူများနှင့် အမှုတော်ဆောင်တို့၏ ဝိညာဉ်ရေးအတွက် တစ်စုံတစ်ရာ ပါဝင်၍ လုပ်ဆောင်ခွင့် ရလိုကြောင်း ဆုတောင်းဆက်ကပ်ခဲ့ပါသည်။

ဘုရားသခင်၏ သာ၍မြင့်သောအကြံအစည်သည် ၂၀၀၈ခုနှစ် ဧပြီလ ပထမအပတ်ထဲတွင် ကျွန်ုပ်အသက်တာအတွက် စတင်ခဲ့သည်။ မတ်လနောက်ဆုံးပတ်တွင် မေတ္တာရှင်ခွင် လူငယ်သာသနာလုပ်ငန်း *Charity Youth Ministry* မှ ပြု

လုပ်သည့် လူငယ်ကျမ်းစာသင်တန်းကို ချောင်းသာတွင် မိသားစုနှင့် အတူ သွားရောက်၍ သင်ကြားခဲ့သည်။ ချောင်းသာမှ ပြန်လည်ရောက်ရှိသည့်အချိန်တွင် Bankokမှ ဆရာဇော်မင်းထံမှ ဖုန်းဆက်ကြောင်း သိရပြီး မည်သည့်အတွက် ဆက်သည်ကို မသိရပါ။ ဧပြီလ(၂)ရက်နေ့ နေ့လည်တွင် ဆရာဇော်မင်းနှင့်တွေ့ပြီး Bankok တွင် ဘာသာပြန်လုပ်ငန်း၌ ပါဝင်ရန် သူနှင့်အတူ ဧပြီလ (၅)ရက်နေ့တွင် လိုက်ပါခဲ့ရန် ပြောဆိုခဲ့ပါသည်။ ဆရာဇော်မင်း၏ဖိတ်ခေါ်မှုကို လက်ခံရန် လုံးဝမဖြစ်နိုင်ပါ။ ဗီဇာရယူဖို့ အခက်အခဲ၊ လေယာဉ်လက်မှတ်ရရှိဖို့နှင့် လမ်းစရိတ်အတွက်လည်း အခက်အခဲရှိခဲ့ပါသည်။ သို့သော် သာ၍မြင့်သော ဘုရားသခင်၏အကြံအစည်ဖြစ်သောကြောင့် အခက်အခဲအားလုံးကို ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ယခု ဘာသာပြန်လျက်ရှိသော Full Life Study Bible အားဖြင့် အမှုတော်ဆောင်များနှင့် ယုံကြည်သူတို့၏ ဝိညာဉ်ရေးအတွက် ပါဝင်လုပ်ဆောင်ခွင့်ကို ရရှိခဲ့သည်။ အမှုတော်ဆောင်လုပ်ငန်းသည်လည်း ကျွန်ုပ်လုပ်နေကျ ဘာသာပြန်ရသည့် စာပေလုပ်ငန်းဖြစ်ပြီး လက်တွဲ၍ အမှုတော် ဆောင်ရသူများနှင့်လည်း မည်သည့်ပြဿနာမျှ မရှိပါ။ ကျွန်ုပ်နှင့်အတူ လက်တွဲရသော အမှုတော်ဆောင်များသည်Born againများဖြစ်သောကြောင့် ညီအစ်ကိုမောင်နှမ လုပ်ဖော်ဆောင်ဖက်များအဖြစ် မေတ္တာဖြင့် လက်တွဲခွင့်ရရှိသောကြောင့် ကျေးဇူးတော်ကို အထူးပင်ချီးမွမ်းပါသည်။ ဘုရားသခင်၏ သာ၍မြင့်သော အကြံအစည်တော်အတိုင်း အသက်ရှင်ခွင့်ရသဖြင့် ဘုရားသခင်သည် အရာခပ်သိမ်းကို ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း ခွန်အားပေးလိုပါသည်။ အခက်အခဲများရှိပါသော်လည်း ကူညီမည့်သူများကို ဘုရားသခင် ပြင်ဆင်ပေးခဲ့ပါသည်။ (ဟေရှာယ၊ ၅၅း၈-၉) သည် ကျွန်ုပ်၏အသက်တာတွင် လက်တွေ့ခံစားခဲ့ရသော ဘုရားသခင်၏ ကတိတော်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် သာ၍မြင့်သော ဘုရားသခင်၏ အကြံအစည်တော်အတိုင်း အသက်ရှင်လိုက်လျှောက်ကြပါစို့ဟု ဆန္ဒပြုရင်း ခွန်အားပေးသက်သေခံဝေငှလိုက်ရပါသည်။

နာမတော်မြတ်၌

ညီအစ်ကိုဦးတင်မောင်ကြည်

# ကာလအချိန်ကိုရွေးနှုတ်၍အသက်ရှင်ပါ

(ဆာ၊ ၁၉း၁-၂) မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍ မိုးမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏။ တစ်နေ့ကို တစ်နေ့ မြွက်ဆို၍ တညဉ့်ကို တညဉ့်သွန်သင်၏။ ထာဝရဘုရားရှင်သည် မိုးကောင်းကင်၌ နေနှင့်လကို တည်စေရာ၍ ရည်ရွယ်ချက်မှာ နိမိတ်လက္ခဏာ၊ ချိန်းချက်သောအချိန်၊ နေ့ရက်အပိုင်းအခြား၊ နှစ်အပိုင်းအခြားဖို့ဖြစ်စေဆိုသည့်အတိုင်း၊ ယောရှုမှတ်စာတွင် ဣသရေလလူမျိုး စစ်မနိုင်မချင်း၊ နေလ ရပ်တံ့နေခြင်း၊ ဟေဇကိလက်ထက်တွင် နေနာရီဆယ်ချက် နောက်ပြန်ရွှေ့ခြင်း၊ အနာဂတ်တွင် ထာဝရ နေ့ရက်ကြီး၌ နေသည် မှောင်မိုက်၍၊ လသည် အသွေးဖြစ်မည်ဟု နိမိတ်လက္ခဏာအတွက် ကြိုတင်ဖော်ပြထား၏။ ယနေ့ ကမ္ဘာသုံး ပြက္ခဒိန်သည် နေကို အခြေပြုသော ( Solar calendar) ဖြစ်ပြီး မြန်မာသုံး ပြက္ခဒိန်သည် လပြည့်၊ လကွယ်စသည်ဖြင့် လကို အခြေပြုသော (Lunar Calendar) ဖြစ်ပါသည်။ ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ် တပတ်လည်သောအခါ (၂၄) နာရီ- ၁ ရက်ဖြစ်ပြီး၊ ကမ္ဘာကြီးသည် နေကို တစ်ပတ်ပတ်ပြီးသောအခါ (၃၆၅ - ၁/၄) ရက်၊ တစ်နှစ်ဖြစ်ပါသည်။ ကျွန်ုပ်တို့ သွားလာလှုပ်ရှား၊ အိပ်စက်၊ စားသောက်ရင်း ကမ္ဘာသည် နေကို တစ်ပတ် ပတ်ပြီးတိုင်း တစ်နှစ်မှ တစ်နှစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်သည်။

## ဇီဝအသက်ကို ပေးသောဘုရား

(တမန်၊ ၁၇း၂၄-၂၈) တွင် ဘုရားသခင်သည် အလုံးစုံတို့ကို ဖန်ဆင်း၍ ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ၊ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသော အရှင်ဖြစ်ပြီး လူ့လက်ဖြင့်လုပ်သော ဗိမာန်၌ မကျိန်းဝပ်၊ လူ့လက်ဖြင့် ကျွေးမွေးခြင်းကိုလည်း မခံယူပါ။ ကျွန်ုပ်တို့သည် ထာဝရအရှင် ဘုရားသခင်အားဖြင့်သာ အသက်ရှင်လျှက်၊ လှုပ်ရှားလျှက်၊ နေရကြောင်း ဖော်ပြခဲ့သည်။ ထာဝရဘုရားအခွင့်မရှိလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်ချုပ်ပြီး ရုပ်ခြည်းကွယ်ပျောက်ရမည့် ပုထုဇဉ်လူသားများဖြစ်၍ နံနက်တိုင်း မျက်စိဖွင့်နိုင်၍ ထွက်သက်ဝင်သက် ရှိနေသေးလျှင် ထာဝရဘုရားရှင်အား အမှန်ပင် ချီးမွမ်းထိုက်ပါသည်။ ခရစ်ဝင်ကျမ်းတို့တွင် ထူးခြားအံ့ဩဘွယ်ကောင်းသော ဖြစ်ရပ်မှာ ယေရှုခရစ်နှင့် ကြုံဆုံခဲ့ရသောအသုဘ၊ အလောင်းကောင်တို့သည် သင်္ဂြိုလ်မခံရပဲ (သို့) မကျေပျက်ဘဲ အသက်ပြန်ရှင်ပြီး လူကောင်းပကတိ ပြန်ဖြစ်ခြင်းဖြစ်သည်။ မကြာသေးမှီက သေဆုံးသွားသော တရားဇရပ်မှူး၏ သမီးငယ်အား “မိန်းမငယ်ထလော့”၊ တလားနှင့် သယ်လာသော မုဆိုးမသားအား “လုလင်ထလော့” ဟု မိန့်မြွက်ရုံမျှဖြင့် အသက်ပြန်ရှင်လာကြသည်။ လေးရက် သင်္ချိုင်းဂူတွင် ပိတ်ထားခံရသော လာဇရုအား ကြီးသောအသံနှင့် “လာဇရုထွက်လော့” ဟု ဟစ်အော်သောအခါ ပိတ်ပုဆိုးနှင့်ရစ်ပတ်လျှက် ကိုယ်တော်ရှေ့သို့ ရောက်ရှိလာပါသည်။ သေသောသူတို့အား ကိုယ်တော်သည် အဘယ့်ကြောင့် အသက်ပြန်ရှင်စေနိုင်ပါသနည်း။ (ယော၊ ၅း၂၅) (ယော၊ ၁၀း၁၇-၁၈) အကြောင်းမှာ ကိုယ်တော်သည် အသက်ကို နှုတ်ယူပိုင်သောဘုရားဖြစ်သလို အသက်ကို ပေးပိုင်သောဘုရားလည်း ဖြစ်ပါသည်။ (၁ယော၊ ၅း၁၁-၁၂) ယေရှုသည် အကျွန်ုပ်တို့အပြစ်များအတွက် အသေခံတော်မူ၍ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်ပြီး ယနေ့ အသက်ရှင်လျှက် ရှိတော်မူပါသည်။ ထိုသခင်ကို မိတ်ဆွေ၏ စိတ်နှလုံးထဲမှာ အမှန်တကယ် ရရှိပြီလား။ ယုံကြည်ခြင်းအားဖြင့် ခေါ်ဖိတ်လက်ခံပြီးပြီလား။ မိမိဘဝအသက်တာကို သေခြင်းနှင့် အသက်ရှင်ခြင်းကို အစိုး

ရတော်မူသောအရှင် လက်သို့ အပ်နှံပြီးပါပြီလား။ ယနေ့ အသက်တာများကို သတိပြုဆင်ခြင်သင့်ပါသည်။ ထိုသခင်ကို လက်မခံ၊ ငြင်းပယ်မိလျှင် ထိုသူ၏ တမလွန်အရေးသည် ရင်လေးစရာ ဖြစ်ပါသည်။

### လူ့ဘဝသက်တမ်း

လူသားအား ဘုရားသခင် ဖန်ဆင်းစကာလက အသက်အရှည်ဆုံးသူမှာ မသုရှလဖြစ်ပြီး အသက် ၉၆၉နှစ်အထိ ရှင်ခဲ့သည်။ (ကမ္ဘာ ၆း၃)သို့ ရောက်သည့်အခါ ဘုရားသခင်သည် လူ့သက်တမ်းကို (၁၂၀) ဖြစ်စေဟု မိန့်တော်မူခဲ့သည်။ ထိုမှဆက်၍ (ဆာလံ၊ ၉၀း၁၀-၁၂) တွင် လူ့အသက်သည် (၇၀)သို့ လျော့ကျသွားပြီး အားကြီး၍ အသက် (၈၀) ရှင်သော်လည်း ဝါကြွားစရာမရှိ ပင်ပန်းခြင်းနှင့် ဝမ်းနည်းခြင်းသာ ဖြစ်ကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ လူသည် ပညာတရားကို နှလုံးသွင်းမိဖို့ရန် မိမိ၏နေ့ရက်ကာလကို ရေတွက်တတ်ဖို့ရန် သွန်သင်ပါမည့်အကြောင်း ဆာလံဆရာက ပဋ္ဌနာပြုထားပါသည်။ ကျွန်ုပ်တို့၏ နေ့ရက်ကာလကို မည်ကဲ့သို့ ရေတွက်နိုင်ပါမည်နည်း။ သေချာသည့်အရာတစ်ခုမှာ လူသားတိုင်း မွေးသည့်နေ့ရှိသလို သေရမည့်နေ့သည် ရှေ့တော်၌ သတ်မှတ်ပြီး ဖြစ်သည်။ လူသားတို့၏ အသက်ရှင်နေထိုင်သွားလာသည့် တစ်နေ့တာအတွင်း မပြုမဖြစ်၊ ပြုနေရသောအရာများ ရှိပါသည်။ ထိုအရာများအတွက် လူတို့သည် အချိန်မည်မျှကုန်ရကြောင်း ခန့်မှန်း၍ တွက်ချက်နိုင်ပါသည်။ စားသောက်ချိန်(၃း၃၀နာရီ)၊ အိပ်ချိန်(၇နာရီ)၊ အလုပ်(သို့) ကျောင်းတတ်ချိန်(၈)နာရီ ၊ စုစုပေါင်း (၁၈း၃၀နာရီ) ခန့် ကုန်သွားပြီ ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းချိန် (၁း၃၀နာရီ)၊ အားလပ်ချိန် (နားနေချိန်) (၂း၀၀နာရီ)ခန့် ထပ်ပေါင်းလျှင် (၂၂း၀၀နာရီ)ခန့် ကုန်သွားပြီ ဖြစ်သည်။ လူသားတိုင်း တူမျှစွာ ရသည့်(၂၄း၀၀)နာရီ အနက် ရုပ်ခန္ဓာသက်အတွက် (၂၂း၀၀နာရီ)ခန့် အသုံးပြုလိုက်ရပါလျှင် ထာဝရကာလအတွက် အကျိုးအမြတ်ရဖို့ရန် (၂း၀၀နာရီ=၁/၁၂ရက်) ခန့်သာ ကျန်တော့မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တန်ဖိုးရှိသော အသက်

> **ကျွန်ုပ်တို့၏ နေ့ရက်ကာလကို မည်ကဲ့သို့ ရေတွက်နိုင်ပါမည်နည်း။ သေချာသည့်အရာတစ်ခုမှာ လူသားတိုင်း မွေးသည့်နေ့ရှိသလို သေရမည့်နေ့သည် ရှေ့တော်၌ သတ်မှတ်ပြီးဖြစ်သည်။**

ရှင်ခွင့်ရသည့်အချိန်ကို သမ္မာသတိမရှိဘဲ အမှုမဲ့၊ အမှတ်မဲ့နှင့် ရုပ်ခန္ဓာအတွက်သာ များစွာ အချိန်ကုန်ခံ၍ အသက်ရှင်ပါက ကျွန်ုပ်တို့၏နောက်ဆုံးနေ့ရက်သို့ ရောက်လာပြီး လောကမှ ထွက်ခွာရသည့်အခါတွင် ဆုံးရှုံးမှု မည်မျှကြီးမားမည်ကို အထူးအလေးထား သတိပြုသင့်ကြပေသည်။

### ကာလအချိန်ကို ရွေးနှုတ်ပါ

(ဧဖက် ၅း၁၅-၁၇) တမန်တော် ရှင်ပေါလုက ဧဖက်အသင်းတော်သားများအား သတိပေးတိုက်တွန်းသည်မှာ ယခု နေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူ ဖြစ်ကြလော့ဟု သတိပေးဆုံးမထားပါသည်။ ကာလအချိန်ဆိုသည်မှာ ထာဝရဘုရား၏ အကြံအစည်တော်ကို သိနားလည်ခြင်းဖြစ်ပါသည်။ ခေတ်ကာလအပိုင်းကြီး ခုနစ်ပိုင်းကို လေ့လာပါက ကာလတိုင်းတွင် သတ်မှတ်ချက်နှင့် စီရင်တော်မူချက် ရှိပါသည်။ အပြစ်ကင်းစင်သည့်ကာလမှ ပညတ္တိကာလအထိ ငါးပိုင်းရှိပြီး လူသားများသည် ဘုရားသခင်၏ သတ်မှတ်ချက်ကိုမမှီနိုင်၍ ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခံရခြင်း၊ ရေလွှမ်းမိုးခြင်း၊ ဘာသာစကား ရှုပ်ထွေး၍ လူမျိုးရေးဝါဒဝင်လာခြင်း၊ ကျွန်ခံရခြင်း၊ ကမ္ဘာအရပ်ရပ် ကွဲလွင့်ခြင်း စသည်တို့ဖြင့် ဒဏ်ခတ်ခြင်း ခံခဲ့ရပါသည်။ ကမ္ဘာကြီးသည် အထိန်းအကွပ်မရှိ ထိန်းချုပ်သူကင်းမဲ့ပြီး ပရမ်းပတာဖြစ်နေသည်ဟု မမှတ်ယူသင့်ပါ။ ဘုရားသခင်၏ ထာဝရအကြံအစည်တော်အတွင်း၌သာ ဖြစ်ပျက်လှုပ်ရှားနေခြင်း ဖြစ်ပါသည်။ လူသားအနေနှင့် မည်မျှဆိုးညစ်၍ ဖောက်ပြန်နေပါစေ၊ နတ်ဆိုးမှောင်မိုက်တန်ခိုးများ လွှမ်းမိုး၍ ရှုပ်ထွေးမှုများ မတရားမှုများ ဆိုးညစ်မှုများ မည်မျှကြီးထွားနေစေကာမူ ထာဝရဘုရား၏ အကြံအစည်တော်သာလျှင် အဆုံး၌ ပြီးပြည့်စုံရမည်ဖြစ်သည်။ (ဆာလံ ၃၃) မကြာမီကာလ ဆဋ္ဌမခေတ်ဖြစ်သည့် ကျေးဇူးတော်ကာလ ကုန်ဆုံး၍ အသင်းတော်ချီဆောင်ခြင်းခံရပြီးသည့်အချိန်တွင် ဘေးဒဏ်ကြီး(၇)နှစ်ကာလ ရောက်ရှိလာမည် ဖြစ်ပါသည်။ ထို့နောက် သတ္တမမြောက်ခေတ် ဖြစ်သည့် နိုင်ငံတော်ကာလ ဝင်ရောက်လာပြီး ယေရှုခရစ်တော်သည် ဘုရင်

> **ကျွန်ုပ်တို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ ပြုကျင့်ခဲ့သည့်အတိုင်း အကျိုးအပြစ်ကို ခံရရန် ခရစ်တော်၏တရားပလ္လင်ရှေ့၌ တစ်နေ့ ပေါ်လာကြရမည် ဖြစ်ပါသည်။**

တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်အဖြစ် ယေရုရှလင်မြို့တော်မှနေ၍ တိုင်းနိုင်ငံတို့ကို နှစ်ပေါင်း (၁၀၀၀) အုပ်စိုးတော်မူမည်ဖြစ်ပါသည်။ ကောင်းကင်နှင့် မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်ဟု မိန့်တော်မူသောသခင်ဘုရား၏ ဗျာဒိတ်တော်စကားသည် အမှန်ပင် ပြည့်စုံလာမည်ဖြစ်သည်။

### ခရစ်တော်၏ ပလ္လင်တော်ရှေ့တွင် ယုံကြည်သူတိုင်းရပ်ရမည်

ယာယီတဲဖြစ်သော မြေအိမ်ပျက်လျှင် ကောင်းကင်၌ လူ့လက်ဖြင့်မလုပ်၊ ဘုရားသခင် ကိုယ်တော်တိုင် ဖန်ဆင်းထားသော နိစ္စထာဝရအိမ် အမှန်ရှိပါသည်။ ကျွန်ုပ်တို့ ရှိသမျှသည် ကိုယ်ခန္ဓာ၌ ပြုကျင့်ခဲ့သည့်အတိုင်း အကျိုးအပြစ်ကို ခံရရန် ခရစ်တော်၏ တရားပလ္လင်ရှေ့၌ တစ်နေ့ ပေါ်လာကြရမည်ဖြစ်သည်။ (၂ကော၊ ၅း၁-၁၀) ကျွန်ုပ်အသက်ရှင်ခဲ့မှုအပေါ် မူတည်၍ ဆုမင်္ဂလာခံစားရန်အတွက် ဖြစ်သည်။ ထိုနေ့ရက်၌ ရဲရင့်သောစိတ်နှင့် ရှေ့တော်ဝင်နိုင်ဘို့ရန် သာဓုသစ္စာရှိသောငယ်သားကောင်းဟု သခင်၏ချီးမွမ်းခြင်းခံရဘို့ မိမိအသက်ရှင်ခွင့်ရသောအချိန်၌ သတိပြု၍ အသက်ရှင်သင့်ပါသည်။ ကာလအချိန်ကိုလည်း ရွေးနှုတ်တတ်ပြီး ဦးစားပေးမှန်ဘို့၊ ပိုင်းခြားနိုင်သည့် ဉာဏ်ပညာ အမှန်လိုအပ်ပါသည်။ (မဿဲ၊ ၂၅)တွင် ကိုယ်တော်ပြောသော ပုံဥပမာမှာ ငယ်သား (၃)ဦး အား၊ ခွက်(၅၀)၊ ခွက်(၂၀)၊ ခွက်(၁၀) စီပေးပြီး အသီးသီး အစွမ်းသတ္တိရှိသည့်အတိုင်း အမြတ်ရဖို့ ကုန်သွယ်ခြင်းပြုဘို့ မိန့်မှာပြီး၊ သခင်သည် ဝေးသောအရပ်သို့ခေတ္တထွက်ခွာသွားကြောင်း ဖော်ပြထားပါသည်။ သခင်ပြန်လာသည့်အခါ ခွက်(၅၀)နှင့် ခွက်(၂၀)ရသူတို့က အမြတ်ခွက် (၅၀)၊ (၂၀)ပြန်လည် ပေးဆက်နိုင်၍ ချီးမွမ်းခံရ၏။ ခွက်(၁၀)ရသူမှာ ပျင်းရိဆိုးညစ်၍ ရှိသည့်အရာပြန်လည်ရုပ်သိမ်းခံရပြီး မှောင်မိုက်ထဲ ဆွဲထုတ်ခံရကြောင်းတွေ့ရသည်။

(လု၊ ၁၉)ရှိ ပုံဥပမာမှာမူ ငယ်သား (၁၀)ယောက်အား ငွေ(၁) ပိဿာစီ တူညီစွာ ပေးထား၍ ကုန်သွယ်စေပါသည်။ အမြတ်အစွန်း ကွာခြားစွာ ပြန်၍ ဆက်ပါသည်။ ဖွင့်ဆိုချက် အမျိုးမျိုးရှိသည့်အနက် ဤတူညီသော ငွေ(၁)ပိဿာသည် လူတိုင်း တူညီစွာ ရသော တနေ့တာ (၂၄)နာရီကို ဆိုလိုပါသည်။ ထိုအချိန်ကို ဦးစားပေးမှန်၍ လုံ့လဝီရိယပြုသူသည် အမှန်ပင် အမြတ်အစွန်းများပြီး သခင်၏ ချီးမွမ်းခြင်းကို ခံရမည်ဖြစ်ပါသည်။ ၂၀၀၀ခုနှစ်အတွက် (၃၆၅) ရက်ကုန်လျှင် ထာဝရကာလအတွက် မြှပ်နှံ့ဘို့ ရက်ပေါင်း(၃၀) ရှိပေမည်။ သင်မည်ကဲ့သို့ အသက်ရှင်မည်နည်း။ သင်ပြုသင့်သည် အချက် (၃)ချက်သည် မိမိမည်သည့် လုပ်ဆောင်မှုများရပ်ရမည်၊ မည်သည့်အမှုများကို ဆက်လုပ်သင့်သည်။ မည်သည့်အမှုအရာများ ဆက်လက်လုပ်ဆောင်မည် စသည်ဖြင့် ဖြစ်ပါသည်။ လူသည် အစာအတွက်သာ အသက်မရှင်ဘဲ နှုတ်ကပတ်တော် ဖတ်ရှုလေ့လာ၊ ကျက်မှတ်ဘို့၊ မခြားမလပ်ဆုတောင်းပဌနာပြုဘို့ တိုက်တွန်းချက်ရှိပါသည်။ ပျောက်ဆုံးဝိညာဉ်များအတွက် ပဌနာပြုလျက်၊ ကယ်တင်ခြင်းဧဝံဂေလိတရားဝေငှဘို့ အခွင့်ထူးရှိပါသည်။ ကိုယ်တိုင်မဟောပြောနိုင်သော်လည်း မိမိဘဏ္ဍာဥစ္စာကို ပါဝင်ပံ့ပိုးလျှင် ကောင်းကင်ဘဏ္ဍာဆည်းပူးခြင်းဖြစ်ပြီး ထိုပံ့ပိုးမှုကြောင့် အနာဂတ်ကာလ၌ လောကတွင် ကယ်တင်ခြင်းရသည့် ဝိညာဉ်များက မိတ်ဆွေအား ကြိုဆိုပါလိမ့်မည်။ (လု၊ ၁၆) ယုံကြည်သူအသက်တာမှ တပည့်တော်အသက်တာသို့ တိုးမြင့်အသက်ရှင်ပြီး ထိုမှတဆင့် တပည့်ဖြစ်စေသူအသက်တာဖြင့် ဆင့်ပွားအသက်ရှင်ဖို့ သခင်ဘုရား အလိုရှိပါသည်။ (မဿဲ၊ ၂၈း၁၈-၂၀)၂၀၀၁ ခုနှစ်အတွက် မှန်ကန်စွာ ရွေးချယ်ဆုံးဖြတ်ပြီး အမြတ်အစွန်းများသော အသက်တာဖြင့် အသက်ရှင်ကြ၍ သခင်၏ ချီးမွမ်းခြင်းကို ခံရပါစေဟု မေတ္တာဖြင့် တိုက်တွန်းဝေငှလိုက်ပါသည်။

နာမတော်မြတ်၌

ညီအစ်ကို ဦးယောသပ်

# လုံခြုံမှု၏အဓိကသော့ချက်

***"ငါ့စကားကို နားထောင်သောသူမူကား လုံခြုံစွာနေ၍ ဘေးကို မကြောက်ဘဲ ငြိမ်ဝပ်လိမ့်မည်။"***

***(သု ၁း၃၃)***

လူသားတိုင်း လုံခြုံမှုကို လိုလား တောင့်တကြပါသည်။ လုံခြုံမှုကို လူသားတိုင်းအတွက် လိုအပ်လှသောအသက်ရှင်မှုတစ်ရပ်ဖြစ်သည်။ လုံခြုံမှုမရှိသောသူများမူကား စိုးရိမ်နေကြရသည်။ စိတ်ပူပန်နေကြရသည်။ အချို့သောသူများမှာ ညပင်အိပ်၍ မပျော်ကြပါ။ ကျွန်ုပ်တို့အသက်တာ၌ ဘေးကို မကြောက်ဘဲ ငြိမ်ဝပ်စွာ နေနိုင်ဖို့ လုံခြုံမှုရှိဖို့ရန် ဘုရားရှင်က မိမိစကားကိုနားထောင်ပြီး အသက်ရှင်ပါဟု မိန့်တော်မူထားပါသည်။ ကျွန်ုပ်တို့အသက်တာ၌ ဘုရားရှင်၏ စကားတော်အတိုင်း မြည်းစမ်း၍ နားထောင်ကြည့်ပါက အမှန်တကယ် လုံခြုံမှုရှိ၊ မရှိ၊ လက်တွေ့သက်သေကို ခံစားကြရမည်ဖြစ်ပါသည်။

**အောင်မြင်ခြင်း ခံစားနိုင်ရန်**

လောကကြီးထဲ၌ ပညာရှိတစ်ဦး၊ လူကြီးလူကောင်း တစ်ဦးချက်ခြင်းဖြစ်လာသည် မဟုတ်သလို ကြွယ်ဝချမ်းသာသူ တစ်ဦးဖြစ်ရန်လည်း ချက်ခြင်းရုတ်တရက်ဖြစ်လာသည် မဟုတ်ပါ။ ပညာရှိတစ်ဦးဖြစ်ဖို့ရန် အချိန်ပေးပြီး ပညာ၊ ဗဟုသုတကို ရှာဖွေလေ့လာ မှတ်သား သိမှီးခြင်း ပြုရပါမည်။ တို့အတူ ကြွယ်ဝချမ်းသာသူတစ်ဦးဖြစ်ရန် ဝိရိယစိုက်ထုတ်အလုပ်လုပ်သည်သာမက ခြိုးခြံချွေတာစုဆောင်းခြင်းအားဖြင့် အချိန်တန်သည့်အခါ ကြွယ်ဝချမ်းသာသူဘဝ ရရှိနိုင်ပါသည်။ ဆယ်တန်းစာမေးပွဲ ဖြေဆိုကြသူများစွာ ရှိကြသည်တွင် အချို့က ရှုံးသည်၊ အချို့က အောင်မြင်ကြသည်။ အောင်မြင်ကြသူများထဲ၌ပင် အချို့က ရိုးရိုးအောင်မြင်ပြီး အချို့မှာမူ ဂုဏ်ထူးများနှင့် အောင်မြင်ကြပါသည်။ ဤကွာခြားမှုက အဘယ့်ကြောင့်ဖြစ်ကြသနည်း။ အောင်မြင်မှုခံစားနိုင်ဖို့ရန် လူတစ်ဦး၌ အခွင့်အရေး ရရှိဖို့ရန် လိုအပ်သလို ဖွဲ့လုံ့လနှင့် ကြိုးစားအားထုတ်မှုအစွမ်းလည်း လိုအပ်ပါသည်။ အချို့က ဉာဏ်ရည်အစွမ်းရှိကြသော်ပါလည်း အခွင့်လန်းမရှိ၊ ကျောင်းနှင့်ဝေးလွန်လှသည့် နေရာ၌ နေကြရသည်။ အချို့က ကျောင်းနီးသော်လည်း မိဘများက ကျောင်းထားရန် မတတ်နိုင်ကြ။ အချို့က အခွင့်အလမ်းရ၍ ကျောင်းနေနိုင်ကြ သော်လည်း ဉာဏ်ရည် မမှီကြ။ ဝိရိယ စိုက်ထုတ်မှု မရှိကြ၍ အခွင့်အလန်းရှိပါလျှက်နှင့် မအောင်မြင်ကြပါ။ အခွင့်အရေးရပါလျှက် ပျင်းရိပါက ဘုရားရှင်က မနှစ်သက်ပါ။ လူပျင်းများ၊ ပုရွတ်ဆိတ်ထံသို့ သွား၍ ပညာသင်ယူပြီး ဝိရိယရှိကြရန် ဘုရားရှင်က သတိပေးထားပါသည်။

ငွေကြေးချမ်းသာကြွယ်ဝခြင်း၊ ဆင်းရဲသည်။ ငွေကြေးလက်ဝယ်ရရှိသူ၏ ထိန်းသိမ်းတန်ဘိုးသိမှုအပေါ်တွင်လည်း တည်မှီနေပါသည်။ အချို့က ငွေကြေးများစွာ ရသော်လည်း တန်ဖိုးမသိ၊ အကျိုးမဲ့သုံးဖြုန်းပြီး ကုန်စေသူလည်း ရှိပါသည်။ အချို့က ငွေကြေးရမှု အတိုင်းအတာ များပြားပြီး ပထမလူနှင့် ရရှိမှု အတိုင်းအတာ တူညီကြသော်လည်း တန်ဖိုးထားပြီး အကျိုးမဲ့မသုံး၊ စီစစ်ပြီး သုံးစွဲ၍ ပိုသည်ကို စုဆောင်းသိမှီးသဖြင့် အချိန်တန်သည့်အခါ ကြွယ်ဝလာပြီး အဆင့်အတန်း မြင့်မြင့် နေနိုင်လာကြသည်။ ငွေကြေးရပြီး တန်ဖိုးမသိ၊ အကျိုးမဲ့သုံးဖြုန်းပြီး ကုန်စေသူကိုလည်း ဘုရားရှင်က မနှစ်သက်ပါ။ ဘုရားသခင်သည် လူတိုင်းကို တူမျှစွာ အခွင့်အရေးပေးသလို ကိုယ်တော်ကို ကိုးစားခြင်းအားဖြင့် တိုးပွားသော အကျိုးရလဒ် သာမက ဉာဏ်ပညာကိုလည်း ပေးပိုင်သော အရှင် ဖြစ်ပါသည်။ ကိုယ်တော်ကို

**ကျွန်ုပ်တို့အသက်တာ၌ ဘုရားရှင်၏စကားတော်အတိုင်း မြည်းစမ်း၍နားထောင်ကြည့်ပါက အမှန်တကယ် လုံခြုံမှုရှိ၊ မရှိ၊ လက်တွေ့သက်သေကို ခံစားကြရမည်ဖြစ်ပါသည်။**

ကိုးစားခိုလှုံ၍ နာခံခြင်းအားဖြင့် အောင်မြင်သော အသက်တာကို ကျွန်ုပ်တို့ ခံစားနိုင်ပါသည်။

## ပညာအဘယ်သို့ ရရှိနိုင်မည်နည်း

(သု ၁း၂၀)တွင် ပညာသည် ပြင်မှာ ကြွေးကြော်၍ လမ်းခရီးတို့၌ မိမိစကားသံကို လွှင့်တတ်၏။ လူစည်းဝေးရာ၌၎င်း၊ မြို့တံခါးဝတို့၌လည်းကောင်း၊မြို့ထဲ၌လည်းကောင်း ခေါ်၍မြွတ် ဆိုသောစကားဟူမူကား ဟု ဖော်ပြထားပါသည်။ ပညာရနိုင်ဖို့ရန် ကျွန်ုပ်တို့ သင်ယူစရာများစွာ ရှိပါသည်။ ပညာသည် အိမ်ထဲ၌သာမက ပြင်ပ၌လည်း ရှိကြောင်း၊ လမ်းခရီး၌လည်းကောင်း၊ လူစည်းဝေးရာ၌လည်းကောင်း၊ မြို့တံခါးဝ၌လည်းကောင်း၊ မြို့ထဲ၌လည်းကောင်း နေရာတိုင်းတွင် မြင်တတ်၊ သိတတ်၊ သင်ယူတတ်ပါက ပညာများရနိုင်ကြောင်း သုတ္တံဆရာက သတိပေးမြွတ်ဆိုထားပါသည်။ လောကကြီး၌ အလေးဂရုပြုပြီး အသက်ရှင်တတ်ပါက ပညာသင်ယူစရာ နေရာများစွာ ရှိပါသည်။ သို့ပါလျှက် အသက်တာကို ပေါ့ပေါ့ဆဆ အသက်ရှင်ပြီး အလေးမထား၊ ကြံသလိုနေ၊ ကြံသလိုစား၊ ကြံသလို သွားလာနေပါက ပညာရနိုင်ပါလျှက် မရဘဲ ပညာမဲ့နေသူ လူမိုက်ဖြစ်ပေမည်။ ငယ်ရွယ်သူထံမှဖြစ်စေ၊ ကြီးသူထံမှဖြစ်စေ၊ အဆင့်မြင့်မြင့် နေတတ်သူထံမှဖြစ်စေ၊ နိမ့်ကျသောသူများထံမှဖြစ်စေ၊ ပညာသင်ယူ ရရှိနိုင်ပါသည်။ နေရာတိုင်း၌ လူအမျိုးမျိုး၊ အခြေအနေ အမျိုးမျိုးအားဖြင့် ကျွန်ုပ်တို့ ပညာရရှိနိုင်ရန် ဘုရားသခင်က ပြင်ဆင်ပေးလျှက်ရှိပါသည်။ ဘုရားသခင်က အချိန်ပေးပါလျှက် ပညာသင်ယူနိုင်ရန် အခွင့်အရေးပေးပါလျှက် အဓိပ္ပါယ်မဲ့အသက်ရှင်ပါက ကျွန်ုပ်တို့သာလျှင် အကျိုးရှုံးမည်ဖြစ်သည်။ (သု ၁း၂၃)တွင် ငါဆုံးမသောစကားကို နားထောင်၍ ပြောင်းလဲကြလော့ဟု ဘုရားသခင်က သတိပေးစကား ပြောထားပါသည်။ ဘုရားသခင် သတိပေးစကားကို ကြားသိပါလျှက် အလေးမထားပါက အချိန်တန်သည့်အခါ ဘေးဥပါဒ်နှင့်လည်းကောင်း၊ ကြောက်မက်ဖွယ်သောအမှုနှင့်လည်းကောင်း၊ ကြုံရလိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့သောသူများကို ဘုရားသခင်က (သု၊ ၁း၃၁)တွင် သူတို့သည် ကိုယ်ကျင့်ခြင်း၏အကျိုးအပြစ်ကို စား၍ ကိုယ်ကြံသောအကြံတို့နှင့် ဝကြလိမ့်မည်ဟု မိန့်တော်မူထားပါသည်။ သို့ဖြစ်၍ ယနေ့ ကျွန်ုပ်တို့ မည်သို့အသက်ရှင်နေပါသနည်း။ အသီးသီး မိမိတို့၏ အသက်တာများကို ပြန်၍စစ်ဆေးကြဖို့ သတိပေးလိုပါသည်။

**တန်ဖိုးရှိလှသည့် ငယ်ရွယ်စဉ် အသက်တာကို ပေါ့ပေါ့တန်တန် အသက်ရှင်မိခဲ့ကြ၍ အသက်အရွယ် ကြီးရင့်လာသည့်အခါ လက်ဝယ်ပိုင်ဆိုင်မှု စိုးစိမျှမရှိဘဲ လမ်းဘေး၌ အခြားသူများက ကျွေးဖို့ ၊ ပေးဖို့ရန် မျှော် လင့်ပြီး အသက်ရှင်နေကြသူလည်း များစွာ ရှိကြပါသည်။**

## လုံခြုံခြင်း၏ အဓိက သော့ချက်

တန်ဖိုးရှိလှသည့် ငယ်ရွယ်စဉ် အသက်တာကို ပေါ့ပေါ့တန်တန် အသက်ရှင်မိခဲ့ကြ၍ အသက်အရွယ် ကြီးရင့်လာသည့်အခါ လက်ဝယ်ပိုင်ဆိုင်မှု စိုးစိမျှမရှိဘဲ လမ်းဘေး၌ အခြားသူများက ကျွေးဖို့ ပေးဖို့ရန် မျှော်လင့်ပြီး အသက်ရှင်နေကြသူလည်း များစွာ ရှိကြပါသည်။ စားဖို့၊ ဝတ်ဖို့ ပြည့်စုံစွာ မရှိခြင်းသည်လည်း မလုံခြုံခြင်း တစ်မျိုးပင် ဖြစ်သည်။ ငွေကြေးများစွာ ကြွယ်ဝပါလျှက် ရက်ပေါင်းများစွာ စားရန် အစားအစာကို သိုမှီးထားနိုင်ပါလျှက်နှင့် ညနှစ်ခြိုက်စွာ အိပ်၍မပျော်နိုင်ခြင်းသည်လည်း မလုံခြုံခြင်းပင် ဖြစ်ပါသည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ လုံခြုံမှု ရှိသောအသက်တာကို ရရှိလိုပါသလား။ စီးပွါးရေးကဏ္ဍ၌ဖြစ်စေ၊ စားဝတ်နေရေးကဏ္ဍ၌ဖြစ်စေ၊ ကျန်းမာရေးဖြစ်စေ၊ အသက်ရှင်မှု၌ဖြစ်စေ၊ လုံခြုံမှုကို ရရှိလိုပါသလား။ အသက်တာ၏ကဏ္ဍတိုင်း၌ လုံခြုံမှု အာမခံချက်ကို ရလိုပါက နေ့စဉ် အသက်တာ၌ ဘုရားသခင်၏စကားတော်ကို နားထောင်နာခံခြင်း မျိုးစေ့ကို စိုက်ပျိုးရမည်ဖြစ်သည်။ သားသမီး ငါးဦးရှိသည် စိုပါစို့။ ထို့အထဲမှ တစ်ဦးကို လျစ်လျူရှုမိပြီး ကျန်လေးဦးကို ဂရုတစိုက်ပြုစုပြီဆိုစေကာမူ၊ တစ်ဦးသောသူကို လစ်လျူရှု၍ ဂရုတစိုက် မပြုမိခြင်းက ကျွန်ုပ်တို့အတွက် အပေါက်ဖြစ်ပြီး ထိုတစ်ယောက်သောသူအားဖြင့် အသက်တာအတွက် မလုံမခြုံဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ အသက်တာ၏ နေ့စဉ်ကဏ္ဍတိုင်း၌ ဘုရားသခင်၏စကားကို နားထောင်ဖို့ လိုအပ်ပါသည်။ ထိုသို့နားထောင်နာခံ၍ အသက်ရှင်ကြမည်ဆိုပါက အသက်တာ၏ ကဏ္ဍတိုင်း၌ လုံခြုံမှု အာမခံချက်ကို ခံစားရမည်ဖြစ်ပါကြောင်း မေတ္တာနှင့် အသိပေးဝေငှလိုက်ရပါသည်။

နာမတော်မြတ်၌

ညီအစ်ကိုဦးဒယ်နီရယ်



### သက်သေခံချက်

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော် ဘုရားသခင်ကို ယုံကြည်လက်ခံပြီးနောက် (၂၇. ၁၀. ၂၀၀၇)တွင် နှစ်ခြင်းမင်္ဂလာခံယူခဲ့ပါသည်။ ယုံကြည်သူဖြစ်လာပြီးနောက် စုံစမ်းခြင်းများစွာ ခံခဲ့ရပါသည်။ အဲဒီအချိန်မှာ စုံစမ်းခြင်းအမျိုးမျိုးမှ လွတ်မြောက်ခွင့်ရဖို့ ဘုရားသခင်ကို ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းတဲ့အတိုင်း ဘုရားသခင်သည် စုံစမ်းခြင်းအမျိုးမျိုးမှ လွတ်မြောက်ရသောအခွင့်ကို ပေးခဲ့ပါတယ်။ အဲ့ဒီနောက် ဒုတိယနှစ်အဝေးသင် စာမေးပွဲအောင်မြင်ဖို့ရန်လည်း ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင် ကျေးဇူးတော်ကြောင့် စာမေးပွဲအောင်မြင်ရတဲ့အခွင့် ရခဲ့ပါတယ်။ စာမေးပွဲအောင်ပြီးနောက် ဘ၀အတွက် အသက်မွေးဝမ်းကြောင်းပညာအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးသင်တန်း (ကန်တော်ကြီး ဟိုတယ် H.T.T.C)တွင် စားဖိုမှူးသင်တန်း တတ်ရောက်နိုင်ရန် ဆုတောင်းတဲ့အခါမှာလည်း သင်တန်းတတ်ရောက်ခွင့် ဘုရားသခင် ပေးခဲ့ပါတယ်။ အဲဒီသင်တန်းမှာ (Top Ten) ဝင်ရောက်နိုင်ရန်အတွက် ဆက်လက်ဆုတောင်းရာ၌လည်း သင်တန်းဆင်းပွဲမှာ ဘုရားသခင်ကျွန်တော့်ကို အဆင့် (၆)ရစေခဲ့တယ်။ ကျွန်တော့် ဆုတောင်းချက်တစ်ခုစီတိုင်းကို နားညောင်းပြီး အဖြေပေးတဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းရင်း သက်သေခံပါတယ်။

ယုံကြည်သူတစ်ဦး

## oufaocHcsuf

ရှေးဦးစွာ ဘုရားရှင်ရဲ့အံ့ဩဖွယ်သောအမှုကို သက်သေခံခွင့်ပေးတဲ့အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ သမီး လွန်ခဲ့သော စနေနေ့ညက ရုတ်တရက် ဆီးအောင့်တဲ့ဝေဒနာ ခံစားရပါတယ်။ ဆီးသွားပြီးလဲ ဆီးကျင့်နေတဲ့အတွက် ဆီးက ခဏခဏသွားချင်နေတယ်။ နောက်ဆုံး ဆီးထဲမှာ သွေးခဲလေးပါလာပါတယ်။ သမီးအရမ်း ကြောက်ပြီး ဘုရားသခင်ကိုပဲ အားကိုးယုံကြည် ဆုတောင်းခဲ့ပါတယ်။ တနင်္ဂနွေနေ့ မနက် (၈)မိုင် ဘုရားကျောင်း ပလ္လင်ရှေ့မှာ ထွက်ပြီး ဆုတောင်းခံခဲ့တယ်။ သမီးလဲ အရမ်းကြောက်တော့ မျက်ရည်နဲ့ ဆုတောင်းခဲ့တယ်။ သမီးရဲ့ဆုတောင်းခြင်းကို ဘုရားရှင် နားညောင်းမှုကြောင့် နောက် တစ်နေ့ မနက်အံ့ဩဖွယ် ကျေးဇူးတော်ကြောင့် လုံးဝနာကျင်ခြင်း မရှိတော့ဘဲ ပုံမှန် ဆီးသွားနိုင်ခဲ့ပါတယ်။ သမီး ဆေးခန်း မပြရပဲနဲ့၊ ယုံကြည်ခြင်း၊ ဆုတောင်းခြင်းဖြင့် ပျောက်ကင်းခွင့်ပေးသော ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်း သက်သေခံပါတယ်။

အားလု

## သက်သေခံချက်

ဘုရားသခင်၏ကျေးဇူးတော်ကို ဦးစွာ ချီးမွမ်းပါတယ်။ သမီးက ကိုးတန်း ကျောင်းသူတစ်ယောက်ဖြစ်ပါတယ်။ ကျောင်းနဲ့အိမ်က သုံးမှတ်တိုင်လောက်ဝေးပါတယ်။ သမီးလွယ်အိတ်အလေးကြီးနဲ့ ကျောင်းကို လမ်းလျှောက်သွားရပါတယ်။ ကားစီးသွားရင်လည်း ပိုက်ဆံကုန်မှာ နှမြောမိပါတယ်။ ဒါ့ကြောင့် စက်ဘီးတစ်စီးရဖို့ ဆုတောင်းခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် သမီးဆုတောင်းတာ သိပ်မကြာလိုက်ပါဘူး။ (၁၄. ၇. ၀၈) မှာ သမီးအတွက် စက်ဘီးတစ်စီး ဘုရားသခင်က ပြင်ဆင်ပေးခဲ့ပါတယ်။ စက်ဘီးတစ်စီးသာမကဘဲ များစွာသောကောင်းကြီးများကိုလည်းဘုရားသခင် သမီးကို ပြင်ဆင်ပေးတဲ့အတွက် ကျေးဇူးတော်ချီးမွမ်းရင်း သက်သေခံပါတယ်။

ဇူးဇူးဇင်

OPEN DOOR'S EVANGELICAL CHRISTION CHURCH

**အဘယ်သူမျှ မပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ ငါဖွင့်ထားပြီ။**
**(ဗျာဒိတ် ၃း၈)**

SHAN CHAUNG, HLAING THARYAR

**တစ်ပါတ်တာ အသင်းတော် အစီအစဉ်များ** (Church Planing Program)

| | | | |
|---|---|---|---|
| **တနင်္ဂနွေနေ့** | နံနက် | ၅း၀၀ - ၆း၀၀ | အာရုံဦးဝတ်ပြုခြင်း (Morning Service) |
| | နံနက် | ၈း၀၀ - ၉း၀၀ | ဓမ္မပညာ (Children & Youth Sunday School) |
| | နံနက် | ၉း၀၀ - ၁၀း၀၀ | သီချင်းသင်ကြားခြင်း (Song Practice) |
| | နံနက် | ၁၀း၀၀ - ၁၀း၃၀ | ချီးမွမ်းခြင်း (Praise & Worship) |
| | နံနက် | ၁၀း၃၀ - ၁၂း၀၀ | စုပေါင်းဝတ်ပြုကိုးကွယ်ခြင်း (Worship Service) |
| | နံနက် | ၁၂း၀၀ - ၁း၀၀ | အနားယူခြင်း (Rest Time) |
| | နံနက် | ၁း၀၀ - ၂း၀၀ | လူငယ်ဝတ်ပြုခြင်း (Youth Service) |
| **ဗုဒ္ဓဟူးနေ့** | နံနက် | ၉း၀၀ - ၁၂း၀၀ | အစာရှောင်ဆုတောင်းခြင်း (Intercessor) |
| | ည | ၇း၀၀ - ၈း၀၀ | စုပေါင်း ညဝတ်ပြုခြင်း (Night Service) |
| **စနေနေ့** | ည | ၇း၀၀ - ၈း၀၀ | အိမ်ထောင် အလှည့်ကျဝတ်ပြုခြင်း (Home Cell) |

**မှတ်ချက်** - တစ်လ၏ပထမပါတ်၊ တနင်္ဂနွေနေ့တိုင်း ပွဲတော်မင်္ဂလာဝတ် ရှိပါသည်။
- တနင်္ဂနွေနေ့ နံနက်တိုင်း၊ လက်တစ်ဆုပ်ဆန် လိုက်လံကောက်ခံပါသည်။

Open doors evangelical Christian Church
Shan Chaung, Hlaing Tha Yar တွင်
မည်သူမဆို လာရောက်ပါဝင် ဝတ်ပြုကိုးကွယ်နိုင်ကြောင်း
သခင်ယေရှု၏နာမတော်၌ ဖိတ်ခေါ်အပ်ပါသည်။

Open doors evangelical
Christian Church
ဆရာဦးမန်းခိုင်ဆန်း
FMI အနီး၊ ရှမ်းချောင်း၊ လှိုင်သာယာ၊ ရန်ကုန်မြို့။
ph- 09858-6371 / 09 519-7050



## မာတိကာ စာမျက်နှာ

ဘုရားသခင်၏သစ္စာတော်နှင့်အညီ ၁
**ညီအစ်ကိုကြီး Drတင်မောင်စွန်း**
ယုံကြည်ခြင်းဖြင့် အသက်ရှင်ပါ ၃
**ညီအစ်ကိုကြီးဦးတင်မောင်ညို**
စိတ်ဝိညာဉ်ကို ကိုယ်တော်၌အပ်နှံပါ ၆
**ညီအစ်ကိုဦးကပ်ခန့်ခုပ်**
သာ၍ မြင့်သောဘုရားသခင်၏
အကြံအစည်တော် ၉
**ညီအစ်ကိုဦးတင်မောင်ကြည်**
ကာလအချိန်ကို ရွေးနှုတ်၍
အသက်ရှင်ပါ ၁၂
**ညီအစ်ကိုဦးယောသပ်**
လုံခြုံမှု၏အဓိကသော့ချက် ၁၄
**ညီအစ်ကိုဦးဒယ်နီရယ်**
*သက်သေခံချက်များ*